မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်၊ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၆ ရက်၊ စနေနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၄၉)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့ မဟာရွှေစည်းကြီးစေတီတော် ပဋ္ဌမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံ ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်း-ကျော်ဖုံး)
(သတင်းစဉ်)

မဟာသုခသီတလစေတီတော်ရွှေထီးတော်တင်နှင့်ဗုဒ္ဓါဘိသေကအခမ်းအနားကျင်းပ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း တက်ရောက်ကြည်ညို

ရန်ကုန် ဖေဖော်ဝါရီ ၂၅

စစ်ကိုင်းတိုင်း ကသာခရိုင် ကောလင်းမြို့နယ် အင်ပင်လှကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌တည်ထားသည့် မဟာသုခသီတလစေတီတော် ရွှေထီးတော်တင်နှင့်ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ၂၄ရက် နံနက်၉နာရီခွဲတွင် အဆိုပါစေတီတော်အနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညိုကြပြီး ရွှေထီးတော်ဘုံအဆင့်ဆင့်နှင့် ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို တင်လှူပူဇော်ပေးကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

ပင့်ဆောင်အပူဇော်ခံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ် မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်ကို ပင့်ဆောင်၍ မဟာသုခသီတလ စေတီတော်အား လက်ယာရစ် တစ်ပတ် လှည့်လည် အပူဇော်ခံစဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)

ကျေးလက်ပြည်သူများ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဆည်ရေ အပြည့်အဝပေးဝေနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် စိုက်ပျိုးရေးကိုအခြေခံပြီး အခြားစီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် ရေမြေသဘာဝအခြေခံကောင်းများ ပေါများကြွယ်ဝစွာ တည်ရှိနေသောကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ကို တွေ့မြင်နိုင်သည်။

စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုဖြစ်ထွန်းစေရန် နိုင်ငံတော်က ဆည်မြောင်းတာတမံ စီမံကိန်းများကို နိုင်ငံတစ်ဝန်း ဖြန့်ကြက်ဆောင်ရွက်ပေးခဲ့ရာ ဆည်တမံစုစုပေါင်း ၁၇၀ တည်ဆောက်ပေးနိုင်ခဲ့ပြီး ဖြစ်သည်။ ရေရှားပါးသော မြန်မာနိုင်ငံအလယ်ပိုင်း စစ်ကိုင်းတိုင်း ကျွန်းလှမြို့နယ်တွင် နိုင်ငံတော်က သဖန်းဆိပ်ရေလှောင်တမံကြီးကို တည်ဆောက်ပေးထားရာ မိုးစပါး၊ နွေစပါးနှင့် အခြားသီးနှံများအတွက်ပါ စိုက်ပျိုးရေ ပေးဝေလျက်ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များလိုက်ပါလျက် ဖေဖော်ဝါရီလ ၂၃ရက်နေ့က စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် သဖန်းဆိပ်ကျေးရွာရှိ သဖန်းဆိပ်ရေလှောင်တမံသို့ရောက်ရှိပြီး တာဝန်ရှိသူများအား တွေ့ဆုံမှာကြားခဲ့သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက တာဝန်ရှိသူများအား တွေ့ဆုံမှာကြားရာတွင်—

"ဆည်အတွင်း နှစ်စဉ်ရေဝင်ကောင်းစေရန် ရေဝေရေလဲဒေသများ၌ သစ်တောသစ်ပင်များကို ထိန်းသိမ်းရန် လိုအပ်သကဲ့သို့ သစ်ပင်အသစ်စိုက်ပျိုးမှုကိုလည်း စီမံချက်ချ၍ ဖိဖိစီးစီးလုပ်ဆောင်ရန် လိုကြောင်း၊ မည်သည့်ဒေသ၊ မည်သည့်မြို့နယ်များ၌ မိုးအားကောင်းလျှင် ဆည်ရေမည်မျှဝင်သည်ကို အသေးစိတ် မှတ်တမ်းမှတ်ရာများထား၍ လေ့လာစိစစ်သွားရမှာဖြစ်ကြောင်း၊ ဆည်အတွင်း ရေဝင်ကောင်းပြီး ရေသိုလှောင်မှုအားကောင်းနေပါက စိုက်ပျိုးရေကို မျှော်မှန်းထားသည့်အတိုင်း ပေးဝေနိုင်မှာဖြစ်သကဲ့သို့ ရေအားလျှပ်စစ်ကိုလည်း အပြည့်အဝ ထုတ်လွှတ်သွားနိုင်မှာဖြစ်ကြောင်း"
ပြောကြားသွားသည်။

ယခုအခါ သဖန်းဆိပ်ရေလှောင်တမံမှ ဆည်ရေဖြင့် သီးနှံစိုက်ဧက ရှစ်သိန်းကျော်စိုက်ပျိုးနိုင်ခဲ့ပြီ ဖြစ်သည်။ နိုင်ငံတော်ကမျှော်မှန်းထားသော ဧကတစ်သန်းအပြည့်အဝ စိုက်ပျိုးနိုင်ရေးအတွက် ဒေသခံတောင်သူလယ်သမားများနှင့် တာဝန်ရှိသူများက ဆက်လက်၍ ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။

သဖန်းဆိပ်ရေလှောင်တမံအတွင်း ရေအပြည့်အဝရရှိရေးအတွက် တမံနှင့်ဆက်စပ်လျက်ရှိသည့် ဝန်းသို၊ ပင်လည်ဘူး၊ ကောလင်းဒေသတို့ရှိ ရေဝေရေလဲ သစ်တောစိုက်ခင်းများကို ပြုစုပျိုးထောင် ထိန်းသိမ်းစိုက်ပျိုးသွားကြရန် လိုအပ်သည်။ သို့မှသာ သတ်မှတ်ထားသော စိုက်ပျိုးရေလည်းရ၊ ပတ်ဝန်းကျင်ဒေသများလည်း စိမ်းလန်းစိုပြည်မည့်အပြင် လိုအပ်သောရေအားလျှပ်စစ်ဓာတ်အားလည်း ထုတ်လွှတ်ပေးနိုင်မည် ဖြစ်သည်။

သဖန်းဆိပ်ရေလှောင်တမံကြီး တည်ဆောက်ခဲ့စဉ်က တွက်ချက်ခန့်မှန်းထားသော ရေသောက်ဧရိယာအတိုင်း စိုက်ပျိုးရေပေးဝေနိုင်ရန် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်သည်။ အကယ်၍ မူလတွက်ချက်သည့်အတိုင်း ရေမပေးဝေနိုင်ပါက မည်သည့်အကြောင်းကြောင့် ရေမရသည်ကို သုံးသပ်အဖြေရှာ၍ ရည်မှန်းချက်အတိုင်း ပြည့်မီအောင် ကြိုးစားလုပ်ကိုင်ကြရမည် ဖြစ်သည်။

သို့မှသာ ရေလှောင်တမံကြီး တည်ဆောက်ရခြင်း၏ ရည်မှန်းချက်များအပြည့်အဝ ရာနှုန်းပြည့် အကောင်အထည်ဖော်နိုင်မည်ဖြစ်ပြီး ရေလှောင်တမံကြီး ရေရှည်တည်တံ့ရေးနှင့် ဆည်ရေကိုအပြည့်အဝ အသုံးချနိုင်ရေးအတွက်လည်း လိုအပ်သည်များကို အသေးစိတ် စီမံညှိနှိုင်းဆောင်ရွက်ကြရမည် ဖြစ်သည်။

သဖန်းဆိပ်ရေလှောင်တမံကြီးကို ၂၀၀၁ခုနှစ် ဧပြီလတွင်ဖွင့်လှစ်နိုင်ခဲ့ပြီး တမံအလျား၂၂၅၈၇ပေ၊ တမံ အမြင့်၁၀၈ပေရှိသည့် မြေသားတမံဖြစ်သည်။ သဖန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ၂၀၀၂ခုနှစ် ဇွန်လတွင် ဖွင့်လှစ်နိုင်ခဲ့ပြီး လျှပ်စစ်ဓာတ်အားပေးစက်ရုံ၌ ၁၀မဂ္ဂါဝပ်ရှိ စက်သုံးလုံး တပ်ဆင်ထားကာ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်၃၀ ထုတ်လွှတ်ပေးလျက်ရှိကြောင်း သိရသည်။

သို့ဖြစ်ရာ ကျေးလက်နေပြည်သူများလူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တည်ဆောက်ပေးထားသော သဖန်းဆိပ်ရေလှောင်တမံကြီး မူလတည်ဆောက်ခဲ့စဉ်က ခန့်မှန်းတွက်ချက်ထားသည့်အတိုင်း ဆည်ရေအပြည့်အဝ ပေးဝေနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရွှေညောင်-နမ့်စန် ရထားလမ်း ပွန်ချောင်း-ကောင်ဆိုင်း လမ်းပိုင်း ရထားပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်အောင်မင်း စစ်ဆေး

ရထားပို့ဆောင်ရေးဝန်ကြီး ဌာနဝန်ကြီးဗိုလ်ချုပ်အောင်မင်း ပွန်ချောင်း-ကောင်ဆိုင်း လမ်းပိုင်း ချိန်းအမှတ် ၈၆ (၃၀၀) ပွန်ချောင်းနှင့်ဘန်းကျောက်ကြားတပ်မတော်သားများ သံလမ်းခင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ရထား)

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းလိုက်ပါ၍ ဖေဖော်ဝါရီ၁၈ရက် ညနေပိုင်းက ရွှေညောင်-နမ့်စန်ရထားလမ်း ပွန်ချောင်း-ကောင်ဆိုင်းလမ်းပိုင်း ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းသို့ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ မိုင်းနောင်တပ်နယ်မှ ဗိုလ်မှူးချုပ်သောင်းအေးက ရွှေညောင်-နမ့်စန်ရထားလမ်းတွင် ဖွင့်လှစ်ရန်ကျန်ရှိနေသော ပွန်ချောင်း-ကောင်ဆိုင်းလမ်းပိုင်း ၂၇ ဒသမ ၅ မိုင် ဖောက်လုပ်ခြင်းအတွက် လုပ်ငန်းလျာထားချက်၊ လုပ်ငန်းပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ပုံစံကားချပ်ငယ်တို့ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စီမံကိန်း ဒါရိုက်တာ ဦးတင်စိုးက စက်သုံးဆီ၊ ဇလီဖားနှင့် သံလမ်းစုဆောင်းရရှိမှု အခြေအနေ၊ ယန္တရားများ အသုံးပြုနိုင်မှုနှင့် လုပ်ငန်းလိုအပ်ချက်များကိုတင်ပြရာ ဒုတိယဝန်ကြီး ဦးဖေသန်းက လုပ်ငန်းလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေး အစီအမံများကို တင်ပြသည်။

ယင်းနောက် ဝန်ကြီးက စက်ယန္တရားများ မပြတ်မွမ်းမံပြီး စွမ်းအားပြည့် အသုံးပြုနိုင်ရေး၊ စဉ်ဆက်မပြတ် လုပ်ငန်းတိုးတက်မှုရှိစေရေး၊ စက်သုံးဆီ အလေအလွင့်မရှိအောင် တာဝန်ရှိသူများက စိစစ်ကြပ်မတ်ရေး၊ ယခုဖောက်လုပ်နေသော ပွန်ချောင်း-ကောင်ဆိုင်းလမ်းပိုင်းကို ဇွန်လမတိုင်မီ ဖွင့်လှစ်နိုင်အောင် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ရေးတို့ကိုမှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၁၉ရက်တွင် ပွန်ချောင်း-ကောင်ဆိုင်း လမ်းပိုင်းတစ်လျှောက်၌ ဇလီဖားစီခြင်း၊ သံလမ်းအကြမ်းခင်းခြင်း လုပ်ငန်းကိုလည်းကောင်း၊ ကျောက်မိုင်းခွဲခြင်းနှင့် ကျောက်ဖောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို လည်းကောင်း၊ ဘန်းကျောက်စခန်းရှိ မြန်မာ့မီးရထားမှ အထောက်အကူပြု အလုပ်ရုံတွင် လုပ်ငန်းသုံး ယန္တရားများ၏ အစိတ်အပိုင်းများ ပြုပြင်မွမ်းမံရေး ဆောင်ရွက်နေမှုကိုလည်းကောင်း၊ မြေသား လုပ်ငန်းအတွက် ကျောက်ဖောက်စက်များဖြင့် ကျောက်ဖောက်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ ၂၁၉ ပေ ၆ လက်မအရှည် နမ့်မဟိတ်ချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ပွန်ချောင်း-ကောင်ဆိုင်း လမ်းပိုင်းမှာ ရွှေညောင်-နမ့်စန်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းတွင် နောက်ဆုံးဖွင့်လှစ်ရန် ကျန်ရှိသော အပိုင်းဖြစ်ပြီး ၎င်းလမ်းပိုင်းဖွင့်လှစ်ပြီးစီးပါက ရွှေညောင်မှတောင်ကြီး၊ ဆိုက်ခေါင်၊ ပွန်ချောင်း၊ ကောင်ဆိုင်း၊ နမ့်စန်အထိ ရထားဖြင့် သွားလာနိုင်မည်ဖြစ်ရာ သတ်မှတ်ချိန်အတိုင်း ပြီးစီးဖွင့်လှစ်နိုင်ရေးအတွက် မြန်မာ့မီးရထားမှ ဝန်ထမ်းများ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၆-၂-၂၀၀၅
(စနေနေ့)
နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"ကိုသူကောပမသုတ်"**

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၀ ၄။ ချစ်သူစုံတွဲ တူယှဉ်နွဲ့
၄း၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၇။ မျိုးချစ်တပ်မတော်
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Renaissance in though and Calture. (ပထမနှစ်-သမိုင်း) The unity Approach to Consumer Behavier. (ဒုတိယနှစ်-စီးပွားရေး)
၅း၃၀ ၉။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၅။ လျှပ်တစ်ပြက်
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အင်တာနက်ချစ်သက်လျှာ"** (အပိုင်း-၁၆)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ မြန်မာ့ရှုခင်း
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ English Premier League ဘောလုံးပွဲ Everton Vs Aston Villa.

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော် သာသနာ့ဗိမာန်တော်ကြီး၌ ဆရာတော် သံဃာတော်အရှင်သူမြတ်တို့အား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

✡ ***ကျောဖုံးမှ***

စစ်ကိုင်းတိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ စစ်ကိုင်းမြို့ ထူပါရုံရွှေကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏောဘာသတို့ အမှူးပြုသည့် သံဃာတော်အရှင်သူမြတ် ၄၅ ပါး ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ တရားရုံးချုပ် (မန္တလေး)မှ ဒုတိယတရားသူကြီးချုပ်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စစ်ကိုင်းတိုင်းမှ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ရွှေဘိုခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်း အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ဆက်ကပ်လှူဒါန်း

အခမ်းအနားမစတင်မီ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် မဟာရွှေစည်ကြီးစေတီတော်သို့ နံနက် ၅ နာရီတွင် ရောက်ရှိကြပြီး စေတီတော် အရှေ့ဘက်မုခ်ရှိ မဟာမုနိရုပ်ပွား များနှင့် ဒေသခံပြည်သူများသည် ဆရာတော် သံဃာတော်အရှင်သူမြတ် ၄၅ ပါးတို့အား ဆွမ်းဆန်စိမ်းနှင့်လှူဖွယ် ပစ္စည်းများကို လောင်းလှူကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် မဟာရွှေစည်ကြီး စေတီတော်ပရဝဏ်အတွင်း တည်ထားသည့် ဗုဒ္ဓရုပ်ပွားတော်များနှင့် ပွင့်ရာဗောဓိပင်များအား လှည့်လည်ဖူးမြော် ကြည်ညိုကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူး ကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် ဆွမ်းဆန်စိမ်း လောင်းလှူကြသည့် ဒေသခံပြည်သူ များ၊ အသင်းအဖွဲ့အသီးသီးမှ အဖွဲ့ဝင် များ၊ ဌာနဆိုင်ရာများအား ရင်းရင်း နှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် လှူဒါန်းမှုအစုစုအတွက် ရေစက်ချ မင်္ဂလာအခမ်းအနားကို

ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းလောင်းလှူ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော် ပဉ္စမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲ မင်္ဂလာ အခမ်းအနား၌ ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြစဉ်။ (သတင်းစဉ်)

တော်အား ဆွမ်း၊ သစ်သီး၊ ဆီမီး၊ ရေချမ်း၊ ပန်းတို့ကို ဆက်ကပ်လှူဒါန်း ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် မူလရွှေစည်ကြီး စေတီတော်အား ဆွမ်း၊သစ်သီး၊ ဆီမီး၊ ရေချမ်း၊ ပန်းတို့ကို ဆက်ကပ်လှူဒါန်း သည်။

ထို့နောက် ဗုဒ္ဓါဘိသေကအနေ ကဇာတင်ခြင်း မင်္ဂလာအခမ်းအနား ကို နံနက် ၅ နာရီ ၁၅ မိနစ်တွင် မဟာ ရွှေစည်ကြီး စေတီတော်၌ ကျင်းပရာ သံဃာတော်အရှင်သူမြတ် ၄၅ ပါးတို့က မဟာရွှေစည်ကြီး စေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူ ကြသည်။

ဗုဒ္ဓါဘိသေက အနေကဇာတင် ခြင်း မင်္ဂလာ အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် မဟာရွှေစည်ကြီး စေတီတော်အား လှည့်လည်ကြည်ညိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီးဒေါ်မြမြစန်းနှင့် အဖွဲ့ ဝင်များသည် စေတီတော်ပရဝဏ်ရှိ သာသနာ့ဗိမာန်တော်ကြီး၌ သံဃာ တော်အရှင်သူမြတ်များအား အရုဏ် ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ဆွမ်းဆန်စိမ်းလောင်းလှူ

အရုဏ်ဆွမ်း ကပ်လှူအပြီးတွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မင်္ဂလာ အခမ်းအနားကို ကျင်းပရာ ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့်အဖွဲ့ဝင်များ၊ အလှူရှင် များ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ အခမ်းအနားမှူး မြို့နယ် သမဝါယမ ဦးစီးဌာနမှ ဦးထင်လင်းက အခမ်း အနားအစီအစဉ်များကို ဖတ်ကြား ကြေညာထားတင်ပြသည်။

ယင်းနောက် နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်လိုက်သည်။

ထို့နောက် စစ်ကိုင်းတိုင်း သံဃ နာယကအဖွဲ့ဥက္ကဋ္ဌ စစ်ကိုင်းမြို့ ထူပါရုံရွှေကျောင်းဆရာတော် အဂ္ဂ မဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဉာဏောဘာသ ထံမှ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီးဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်လက်၍ သံဃာတော်အရှင် သူမြတ်တို့က ပရိတ်တရားတော် များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့် တော်မူကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ သည် စစ်ကိုင်းတိုင်း သံဃနာယက အဖွဲ့ဥက္ကဋ္ဌ စစ်ကိုင်းမြို့ ထူပါရုံ ရွှေကျောင်း ဆရာတော်ဘဒ္ဒန္တဉာဏော ဘာသအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ဆက်လက် ၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယ ဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယ ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင် မြင့်ဦးနှင့်ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊

စာမျက်နှာ ၅ ကော်လံ ၁

မြန်မာ့ရုပ်မြင်သံကြား

၂၆-၂-၂၀၀၅

(စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးတော်ရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇း၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချို့အေးမင်္ဂလာတေး
၇း၅၅	၆။	မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈း၁၀	၇။	တေးဂီတအစီအစဉ်
၈း၂၀	၈။	ဘိုင်းဒါးတံတား
၈း၃၀	၉။	International News
၈း၄၅	၁၀။	Grammar made Easy
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၂၀	၂။	တေးဂီတအစီအစဉ်
၁၁း၃၀	၃။	ပြည်တွင်းသတင်း
၁၁း၄၀	၄။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၀၅	၅။	တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၃း၁၀	၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်ပန်းမေတ္တာ”** (အပိုင်း-၁၄)
၁၃း၄၀	၇။	လင်္ဂမ်းပြင်ရေလှောင်တမံ
၁၃း၅၀	၈။	**လောကနီတိ(၃)** **“အမေ့သား”** မင်းမော်ကွန်း၊ ပြေတီဦး၊ စိုးမြတ်နန္ဒာ၊ စန်းစန်းဝင်း (ဒါရိုက်တာ-ခင်ဇော်)
၁၄း၃၅	၉။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄း၄၅	၁၀။	International News
၁၅း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use
၁၆း၄၅	၄။	တေးဂီတအစီအစဉ်
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ပထဝီဝင်အထူးပြု) (ရုက္ခဗေဒ)
၁၇း၁၅	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၁၇း၃၀	၇။	တေးဂီတအစီအစဉ်
၁၇း၄၅	၈။	**“ကျေးဇူးတင်ပါတယ် ဒီအိုတီအက်စ်”** လွင်မိုး၊ ထွန်းထွန်းဝင်း၊ အိန္ဒြာကျော်ဇင်၊ ခင်သန်းနွယ် (ဒါရိုက်တာ-စိုးကျော်ဆန်း)
၁၈း၀၅	၉။	ပုလင်းရေလှောင်တမံ
၁၈း၁၅	၁၀။	တေးဂီတအစီအစဉ်
၁၈း၃၀	၁၁။	ညနေခင်းသတင်း
၁၉း၀၀	၁၂။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၃။	Discovery
၁၉း၁၀	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်ခွန်းခြွေသီ တစ်ရာတစ်လီ”** (အပိုင်း-၁)
၁၉း၄၀	၁၅။	နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ဗဟိုအဆင့် အခြေခံပညာအထက်တန်းနှင့် အလယ်တန်းကျောင်းစကားပြောပြိုင်ပွဲဆုရရှိသူများနှင့် တွေ့ဆုံမေးမြန်းခန်း (အပိုင်း-၁)
၁၉း၅၀	၁၆။	**အမျိုးသားညီလာခံ ဂုဏ်ပြုတေး**
၂၀း၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	နိုင်ငံခြားဇာတ်လမ်း **“အချစ်သံသရာ”** (အပိုင်း-၂၁)
	၂၁။	နောက်တစ်နေ့အစီအစဉ်
	၂၂။	အစီအစဉ်ပြီး၏။

ဆူနာမီဒဏ်ခံရသော ဒေသများတွင် ငါးများလွန်ကဲစွာ မဖမ်းဆီးရန် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ သတိပေးနှိုးဆော်

ရောမ ဖေဖော်ဝါရီ ၂၄

အိန္ဒိယသမုဒ္ဒရာအတွင်း ဆူနာမီဒဏ်ခံရသောဒေသတွင် ငါးဖမ်းသည့် စွမ်းအားကို လွန်ကဲစွာအသုံးပြုခြင်းသည် ငါးအရေအတွက်ကို အကြီးအကျယ်လျော့နည်းသွားစေနိုင်ကြောင်း ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို)က တနင်္လာနေ့၌ သတိပေးနှိုးဆော်လိုက်သည်။

ငါးများကို ဖမ်းယူသည့်စွမ်းအားကို လွန်ကဲစွာသုံးခြင်းကြောင့် ယင်းဒေသ၏ အစိတ်အပိုင်းအချို့တွင် ဆိုးရွားပြင်းထန်သော ပြဿနာရပ်ဖြစ်နေပြီဖြစ်ကြောင်း အက်ဖ်အေအိုငါးလုပ်ငန်းဌာနက ပြောကြားသည်။

ဆူနာမီဒဏ်ခံရသောနိုင်ငံများတွင် ငါးလုပ်ငန်းများသည် တည်ဆောက်ရေး ကြီးကြီးမားမားလုပ်ရန် လိုအပ်နေကြောင်း ငါးလုပ်ငန်းဆိုင်ရာ အက်ဖ်အေအို လက်ထောက်ညွှန်ကြားရေးမှူးချုပ် အိချီရိုနိုမူရာက ပြောကြားသည်။

အဆိုးဖြစ်မည်

ဂရုတစိုက်စီစဉ်ခြင်းမရှိဘဲ ငါးဖမ်းသင်္ဘောနှင့် ပစ္စည်းကိရိယာသစ်များကို ဒေသတွင်းသို့ ယူလာမည်ဆိုလျှင် အမှန်တကယ် အန္တရာယ်ရှိမည်ဖြစ်ပြီး ငါးဖမ်းယူသည့်စွမ်းအားကို လွန်ကဲခြင်းသည် အန္တရာယ်ဖြစ်ပေါ်မှု၏ ရလဒ်ပင် ဖြစ်မည်ဖြစ်ကြောင်း၊ အကောင်းထက်အဆိုးက ပိုလိမ့်မည်ဖြစ်ကြောင်း နိုမူရာက ဆက်လက်ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**



တောင်ကိုရီးယားနိုင်ငံ တေဂျွန်မြို့တွင် ကျင်းပသည့် သိပ္ပံနှင့်နည်းပညာရပ် တိုးတက်မှု ပြပွဲအခမ်းအနားတွင် တောင်ကိုရီးယားနိုင်ငံထုတ် ဟူဘိုစက်ရုပ်လူသားက စွမ်းရည်ပြသနေသည်ကို ဖေဖော်ဝါရီ ၂၃ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဘော့စနီးယား၌ ဗြိတိသျှစစ်ဘက် ရဟတ်ယာဉ်ပျက်ကျ

ဆာရာယေဗို ဖေဖော်ဝါရီ ၂၄

ဘော့စနီးယားနိုင်ငံ အလယ်ပိုင်းတွင် ဗြိတိသျှစစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ်တစ်စင်း တနင်္လာနေ့က ပျက်ကျခဲ့ရာ လေယာဉ်အမှုထမ်းသုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း ဥရောပသမဂ္ဂ ငြိမ်းချမ်းရေးတပ်ဖွဲ့ဆိုင်ရာ ပြောရေး ဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ပျက်ကျ

အဆိုပါ ဗြိတိသျှ စစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ်သည် ဘော့စနီးယားနိုင်ငံအလယ်ပိုင်းရှိ ကာကာနီမြို့မှ ဆာရာယေဗိုမြို့သို့ တနင်္လာနေ့ ည၇း၃၀ နာရီက ပျံသန်းခဲ့ခြင်းဖြစ်ပြီး ယခုကဲ့သို့ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ဥရောပသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ခရစ်ပါစီဗယ်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

လွတ်မြောက်

စစ်ရဟတ်ယာဉ်မှာ ပျက်စီးသွားခဲ့သော်လည်း အမှုထမ်းသုံးဦးမှာ လွတ်မြောက်ခဲ့ပြီး ဒဏ်ရာအနည်းငယ်သာ ရရှိခဲ့ကြောင်း၊ ရဟတ်ယာဉ်ပျက်ကျမှုကို စုံစမ်းစစ်ဆေးဆဲဖြစ်ကြောင်း သိရှိရသည်။ **အမ်အင်အေ၊ရိုက်တာ**

စီးပွားရေးနှင့်ကုန်သွယ်ရေး တိုးမြှင့်ဆောင်ရွက်ရန် အီရန်နှင့်ပါကစ္စတန် ခေါင်းဆောင်များဆွေးနွေးမည်

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၂၄

ဘီလီယံများစွာတန်သော ဓာတ်ငွေ့ပိုက်လိုင်းအတွက် အဆိုပြုချက်အပေါ် တိုးတက်မှုရှိမည်ဟုမျှော်လင့်လျက်ရှိရာ အီရန်ခေါင်းဆောင်နှင့်အတူ ဆွေးနွေးရာတွင် ကုန်သွယ်ရေးနှင့် စီးပွားရေးဆက်ဆံမှု တိုးတက်ရေးများသည် ဦးစားပေးအစီအစဉ်များဖြစ်လာမည်ဖြစ်ကြောင်း ပါကစ္စတန်ဝန်ကြီးချုပ် ရှာအူကတ်အဇစ်က အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

ပါကစ္စတန်နိုင်ငံအတွက်အရေးကြီးသော ဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းနှင့် ပတ်သက်၍ အပြုသဘောဆောင်သော ရှေ့လုပ်ငန်းစဉ်များ တိုးတက်ဖြစ်လာမည်ဟု မိမိမျှော်လင့်ကြောင်း အီရန်နိုင်ငံသို့သုံးရက်ကြာ အလည်အပတ် ခရီးမထွက်ခွာမီ သတင်းထောက်များအား အဇစ်ကပြောကြားသည်။

မျှော်လင့်

ဒေသဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံ အပြန်အလှန်ဆက်ဆံရေးများအပေါ်တွင် အီရန်ခေါင်းဆောင် နှင့်အတူ ကျယ်ကျယ်ပြန့်ပြန့် ပြောဆိုဆွေးနွေးနိုင်လိမ့်မည်ဟုမျှော်လင့်ကြောင်း အဇစ်က ပြောကြားသည်။

မိမိအနေဖြင့် နျူကလီးယားကိစ္စရပ်အပါအဝင် အခြားအရေးကိစ္စများကိုလည်း ဆွေးနွေးမည်ဖြစ်ကြောင်း၊ သို့ရာတွင် ကုန်သွယ်ရေးနှင့် စီးပွားရေးဆိုင်ရာဆက်ဆံမှုများကို အဓိကထား ဆွေးနွေးမည်ဖြစ်ကြောင်း ပါကစ္စတန်ဝန်ကြီးချုပ်အဇစ်က ပြောကြားသည်။ ပါကစ္စတန်ဝန်ကြီးချုပ် အဇစ်သည် အီရန်နိုင်ငံသို့ရောက်ရှိစဉ်အတွင်း အီရန်သမ္မတ ရိုတ်မိုဟာမက်ခါတာမီနှင့် အီရန်နိုင်ငံ၏ ဒုတိယသမ္မတ ဒေါက်တာမိုဟာမက်ရီဇာအာရက်ဖ်တို့နှင့် လည်း တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်သောကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ၏ အကြီးဆုံးသစ်တောဒေသ မီးဘေးကာကွယ်ရေး မိုးကြိုးအန္တရာယ် ထောက်လှမ်းမှုစနစ် စတင်ဆောင်ရွက်

တာဘင် ဖေဖော်ဝါရီ ၂၄

တရုတ်နိုင်ငံမြောက်ပိုင်းရှိ တရုတ်နိုင်ငံ၏ အကြီးဆုံးသစ်တောဒေသဖြစ်သော ဒါဟင်ဂန်တောင်ကုန်းဒေသရှိ သစ်တောများ မီးဘေးတားဆီးကာကွယ်ရန်အတွက် ယင်းဒေသတွင် မိုးကြိုးပစ်ခြင်းအန္တရာယ်ကို တရုတ်နိုင်ငံက ယခုနှစ်၌ စတင်လေ့လာခဲ့သည်။

ယင်းထောက်လှမ်းမှုနှင့် ကြိုတင် သတိပေးစနစ်ကို တရုတ်နိုင်ငံ အင်းနား မွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသနှင့်အရှေ့မြောက် ဟေလုံကျန်ပြည်နယ်တို့ ပူးတွဲလျက် ယွမ်ငွေ ၁၀သန်းကျော်(ဒေါ်လာ၁၁သမ၂သန်း) အကုန်အကျခံပြီး တည်ဆောက်ခဲ့ကြောင်း ဟေလုံကျန် ပြည်နယ် မိုးလေဝသအဖွဲ့ သတင်းရပ်ကွက်များက ပြောကြားသည်။

ပါဝင်

အဆိုပါ စနစ်တစ်ခုလုံးတွင် စောင့်ကြပ်ကြည့်ရှုရေး၊ ရာသီဥတုနှင့် အချက်အလက်ထုတ်လုပ်ရေးလုပ်ငန်းဌာနတို့ပါဝင်ကြောင်း သတင်းရပ်ကွက်များက ပြောကြားသည်။

လေ့လာမည်

စောင့်ကြပ်ကြည့်ရှုရေးဌာနက လက်ရှိအဝေးထောက်လှမ်းမှုစနစ်များကို အသုံးပြုပြီး မိုးကြိုးပစ်နိုင်သည့်နေရာ၊ လေတိုက်နှုန်း၊ မြေဆီလွှာခြောက်သွေ့မှုအပြင် တောမီးလောင်နိုင်သည့် အခြေအနေကို ဖော်ထုတ်သိရှိရန်အတွက် အချက်အလက် ထုတ်လုပ်ရေးဌာန၏ အခြားအခြေအနေများကို ထောက်လှမ်းလေ့လာသွားမည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

စစ်ပြီးကာလ အီရတ်အမျိုးသမီးများ နေထိုင်သွားလာလှုပ်ရှားရမှု ယခင်ထက်ပိုပြီး လုံခြုံမှုမရှိ

လန်ဒန် ဖေဖော်ဝါရီ ၂၄

အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါများ ကျူးကျော်ဝင်ရောက်ခဲ့ပြီးနောက် နှစ်နှစ်နီးပါးအချိန်အတွင်း အမျိုးသမီးများသည် ယခင်အီရတ်ခေါင်းဆောင်ဟောင်း ဆက်ဒမ်ဟူစိန်၏ အုပ်ချုပ်မှုအောက်တွင် နေထိုင်ခဲ့ရသည်ထက် ပိုမိုကောင်းမွန်မှု မရှိခဲ့ကြောင်း နိုင်ငံတကာ လူ့အခွင့်အရေးအုပ်စုက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

ဆက်ဒမ်၏ လက်အောက်၌ စနစ်တကျဖိနှိပ်ချုပ်ချယ်ခံရမှုများ အဆုံးသတ်ခဲ့ချိန်တွင် အမေရိကန်တပ်ဖွဲ့များ၏ သတ်ဖြတ်မှုများနှင့် လိင်မှုဆိုင်ရာ မဖွယ်မရာ ပြုမူခံရမှုများက အစားထိုးလာခဲ့ကြောင်း အီရတ်၏ ဆယ်စုနှစ်များစွာ ခံစားရမှုဟူသော ခေါင်းစဉ်ဖြင့်ထုတ်ပြန်သည့် အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

လျော့နည်းလာ

ဆက်ဒမ်ကို ဖြုတ်ချခဲ့ခြင်းသည် နှစ်ပေါင်းများစွာ ဖိနှိပ်ချုပ်ချယ်ခံခဲ့ရခြင်းမှ အီရတ်ပြည်သူများ လွတ်မြောက်သွားမည်ဖြစ်ပြီး ၎င်းတို့ကို ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ တင်ပေးမည်ဖြစ်ကြောင်း ဝါရှင်တန်က ကတိပြုခဲ့သည်။ သို့သော် စစ်ပြီးခေတ်၌ အမျိုးသမီးများသည် အကြမ်းဖက်မှုအန္တရာယ်များနှင့် ၎င်းတို့၏လွတ်လပ်မှုလျော့နည်းလာခြင်းသာ အဖတ်တင်ကျန်ခဲ့ကြောင်း လူ့အခွင့်အရေးအဖွဲ့က ပြောကြားသည်။

ဆက်ဒမ်ဟူစိန် အစိုးရဖြုတ်ချခံရမှု၏ နောက်ဆက်တွဲအဖြစ် ဥပဒေမဲ့ခြင်းနှင့် သတ်ဖြတ်မှုများ၊ ပြန်ပေးဆွဲမှုများ၊ အဓမ္မပြုကျင့်ခံရမှုများ တိုးပွားလာခဲ့ခြင်းသည် အမျိုးသမီးများ၏ လွတ်လပ်စွာ လှုပ်ရှားသွားလာမှုနှင့် ကျောင်းသို့သွားရန် သို့မဟုတ် အလုပ်သို့သွားရန် အမျိုးသမီးများအား ကန့်သတ်ချုပ်ချယ်ခဲ့ကြောင်း လူ့အခွင့်အရေးအဖွဲ့က ပြောကြားသည်။ အမျိုးသမီးများသည် အမေရိကန် နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ၏ လိင်မှုဆိုင်ရာခြိမ်းခြောက်ခံရသူများဖြစ်လာပြီး အမေရိကန်တပ်ဖွဲ့ဝင်များ၏ ထိန်းသိမ်းမှုခံခဲ့ရသော အချို့အမျိုးသမီးများသည် လိင်မှုဆိုင်ရာ မဖွယ်မရာ ပြုမူခံရမှုများ၊ အဓမ္မပြုကျင့်ခံရမှုများရှိခဲ့ကြောင်း ၎င်းတို့ကဆက်လက်ဖော်ပြသည်။ **အမ်အင်အေ၊ရိုက်တာ**

မိုဆူးလ်မြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဖေဖော်ဝါရီ ၂၃ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်ခြင်း မြင့်မားလာမှု သီးနှံပင်များ အာဟာရလျော့နည်းဖွယ်ရှိ

နန်နင်း ဖေဖော်ဝါရီ ၂၄

ကမ္ဘာ့ ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုမြင့်မားလာခြင်းသည် အာဟာရနည်းသည့် သီးနှံများထွက်ရှိလာဖွယ်ရှိကြောင်း၊ ဥပမာအားဖြင့် ကောက်နှံပင်တွင် ပရိုတိန်းပါဝင်မှုမှာ လာမည့်လေးဆယ်စုနှစ်တွင် ၁၀ ရာခိုင်နှုန်း လျော့ကျလာဖွယ်ရှိကြောင်း တရုတ်သိပ္ပံပညာရှင်တစ်ဦးက ပြောကြားသည်။

ဖန်လုံအိမ် ဓာတ်ငွေ့သိပ်သည်းမှုများလာခြင်းနှင့်အတူ အပင်များသည် ကာဗွန်ဒိုင်အောက်ဆိုဒ်ကို ပို၍ရှူသွင်းရပြီး ကြီးထွားမှုမြန်ဆန်လာမည်ဖြစ်သည်။ သို့ရာတွင် ထွက်ရှိလာသည့်သီးနှံ၏ အာဟာရတန်ဖိုးမှာ လျော့နည်းမည်ဖြစ်ကြောင်း နန်နင်းမြေသိပ္ပံမှ သုတေသနပညာရှင် ဇူကျန်ကော်က ပြောကြားသည်။

လျော့နည်းမည်

လာမည့်ဆယ်စုနှစ်များအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ် သိပ်သည်းမှုမြင့်မားလာခြင်းသည် တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်စုပြည်နယ်ရှိ လယ်ယာမြေများ ထိခိုက်နိုင်သည်ဟု ဆိုထားသည်။ ကာဗွန်ဒိုင်အောက်ဆိုဒ်သိပ်သည်းမှုမြင့်တက်လာခြင်းကြောင့် သီးနှံများကြီးထွားမှု မြန်ဆန်လာမည်ဖြစ်ကြောင်း၊ သို့ရာတွင် သီးနှံများမှာ အာဟာရလျော့နည်းလာမည်ဖြစ်ကြောင်း၊ ယင်းလျော့နည်းမည့် အာဟာရများမှာ ပရိုတိန်း၊ အမိုင်နိုအက်ဆစ်၊ သံဓာတ်နှင့်ဇင့်တို့ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

စာမျက်နှာ ၃ မှ

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အလှူရှင်များက ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှဝေ

ထို့နောက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကန့်ဘလူမြို့ မြို့ရှေ့ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇဝနက ရေစက်ချတရားတော်ကို ချီးမြှင့်ရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ပရိသတ်များက လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆုတောင်း

ယင်းနောက် ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မဟာရွှေစည်ကြီးစေတီတော် ပဥ္စမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကို တပို့တွဲလဆန်း၁၀ရက် (ဖေဖော်ဝါရီ၁၈ရက်) မှ တပို့တွဲလပြည့်ကျော်၁ရက် (ဖေဖော်ဝါရီ၂၄ရက်)အထိ ကျင်းပခဲ့ပြီး ရှင်လောင်း၁၀၈ပါးအား သာသနာ့ဘောင်သို့ သွတ်သွင်းသည့် ရှင်သာမဏေရ ပဗ္ဗဇ္ဇ အလှူတော်မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ၂၃ရက်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ဖူးမြော်ကြည်ညို

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် မဟာရွှေစည်ကြီး ပရိယတ္တိစာသင်တိုက်သို့ သွားရောက်ကြပြီး ပဓာနနာယကဆရာတော် ဘဒ္ဒန္တအာစာရနှင့် ဆရာတော်များအား ဖူးမြော်ကြည်ညိုကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် မဟာရွှေစည်ကြီး ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တအာစာရအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အလှူရှင်များ၊ ပရိသတ်များက စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော် ပဥ္စမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲမင်္ဂလာအခမ်းအနား၌ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြစဉ်။ (သတင်းစဉ်)

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသို့ အလှူရှင်များက စာအုပ်၊ စာစောင်များနေ့စဉ်လှူဒါန်းလျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက နိုင်ငံတစ်ဝန်းလုံးရှိ ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်လှစ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စေတနာရှင်၊ အလှူရှင်များက နေ့စဉ်မပြတ် ငွေနှင့် စာအုပ်များပေးပို့လှူဒါန်းလျက် ရှိကြသည်။

၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ တတိယအပတ်အထိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)သို့ တိုက်ရိုက်လှူဒါန်းခဲ့ကြသည့် အလှူရှင်များမှာ ဦးတင်သိန်း သိမ်ကြီးဈေးအီးရုံက ငွေကျပ် ၃၀၀၀နှင့် မဂ္ဂဇင်း စာစောင် ၁၈၂ အုပ်၊ ဦးသောင်းမြင့် အင်းစိန်မြို့နယ်က ငွေကျပ် ၃၀၀၀ နှင့် ပုံပြင်စာအုပ် ငါးအုပ်၊ စာရေးဆရာမဇေရယ်(ဗိုလ်တထောင်မြို့နယ်) က မဂ္ဂဇင်း၊ ဂျာနယ် ၆၂ အုပ်၊ ဦးမင်းသူ (တက္ကသိုလ်မင်းသူ)- ဒေါ်ခင်နွဲ့ရင် (မိုးကျော်သူစာပေ) ကျောက်တံတားမြို့နယ်က ငွေကျပ် ၃၀၀၀နှင့် မဂ္ဂဇင်း၊ ဂျာနယ်၁၉၄ အုပ်၊ မောင်ဘုန်းမင်းသန့် စမ်းချောင်းမြို့နယ်က မဂ္ဂဇင်း၊ ဂျာနယ် ၁၄၆ အုပ်၊ ဦးစံအောင် စမ်းချောင်းမြို့နယ်က မဂ္ဂဇင်း ၂၅ အုပ်၊ ဦးကံလှ- ဒေါ်ဝင်းဝင်းဆိုင် တာမွေမြို့နယ်က ဝတ္ထု၊ မဂ္ဂဇင်းစာစောင် ၅၈ အုပ်၊ ဦးအောင်မျိုးသန့်-ဒေါ်မိုးမိုးခိုင် ဒဂုံမြို့နယ်က သုတ၊ ဂျာနယ် ၁၆၄ အုပ်၊ ဒေါ်နီနီဝင်း တာမွေမြို့နယ်က ဝတ္ထု၊ စာစောင် ၂၇ အုပ်၊ ဒေါ်ခင်ထားဖြူ မင်္ဂလာတောင်ညွန့်မြို့နယ်က ဂျာနယ်စုံ ၁၀၄ စောင်၊ ဦးရိုးကွန့်- ဒေါ်ခင်ညိုညို ကျောက်တံတားမြို့နယ်က ဂျာနယ် အစောင် ၅၀၊ ဦးအောင်စိုးခိုင် အလုံမြို့နယ်က မဂ္ဂဇင်း၊ ဂျာနယ် ၇၈၅ အုပ်၊ ဦးသိန်းထွန်း တာမွေမြို့နယ်က လုံးချင်းဝတ္ထု၊ မဂ္ဂဇင်း၊ ဂျာနယ် ၂၄၉ အုပ်၊ ဦးဝင်းဇော် လှိုင်မြို့နယ်က မဂ္ဂဇင်းစုံ ၉၈ အုပ်၊ မောင်အာကာဝင်းဆွေ ဗဟန်းမြို့နယ်က ဂျာနယ်အစောင်စုံ ၇၀၊ မယုနန္ဒာထွန်း သာကေတက ဂျာနယ်စုံ ၃၉ စောင်၊ ဦးအောင်သန်း- ဒေါ်သိန်းရင် တာမွေမြို့နယ်က ဂျာနယ်အစောင်စုံ၄၀၊ ဦးတင်အောင် (ဘားမန်းသွားတိုက်တံကုမ္ပဏီ) လမ်းမတော်က ဂျာနယ်အစောင်စုံ ၁၁၀၀၊ ဗိုလ်မှူးကြီး တင်ထွန်းက ပြက္ခဒိန်အစောင် ၁၅၀၊ ဦးခင်မောင်အုန်း-ဒေါ်သိန်းသိန်းတင် ဒဂုံမြို့သစ်(မြောက်ပိုင်း)က ဂျာနယ်စုံ ၃၃၈စောင်၊ ဦးဌေးအောင် ဒဂုံမြို့သစ် (မြောက်ပိုင်း)က မဂ္ဂဇင်း၊ ဂျာနယ် ၁၇၃ စောင်၊ ဦးခင်မောင်စိန်-ဒေါ်အေးအေးချို တာမွေမြို့နယ်က ငွေကျပ် ၁၀၀၀၀၊ ဦးစိုးမြင့်-ဒေါ်ပြုံးကြည် ပုသိမ်မြို့က ငွေကျပ် ၅၀၀၀၊ ဦးဌေးအောင် ဒဂုံမြို့သစ် (မြောက်ပိုင်း)က ငွေကျပ်၁၀၀၀ နှင့် စာအုပ်မျိုးစုံ ၁၇၃ အုပ်၊ ဒေါ်အေးမြင့်မြင့် (၃၇)လမ်းက သုတစာအုပ် ၄၂ အုပ်၊ ဦးမြဟန်- ဒေါ်သန္တာခိုင် (ရောဝတီအေဂျင်စီ) မင်္ဂလာတောင်ညွန့်မြို့နယ်က ဂျာနယ် ၂၁၂စောင်တို့ဖြစ်ကြသည်။

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါအလှူရှင်များထံ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ကျေးဇူးတင်ဂုဏ်ပြုလွှာများပေးပို့လျက်ရှိကြောင်းနှင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များနှင့် ငွေပဒေသာပင်များကို အမှတ် (၂၂/၂၄) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းခင်းရန် အလှူငွေပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ဗဟန်းမြို့နယ် ဗိုလ်ချို(၂)ရပ်ကွက် နတ်မောက်လမ်းသွယ်(၁)နှင့် စောမဟာလမ်းတို့ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းချော ခင်းရန်အတွက် အလှူငွေပေးအပ်ပွဲကို ဗဟန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ဖေဖော်ဝါရီ ၂၃ ရက် ညနေပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ဗဟန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းလှအောင်က ဂုဏ်ပြု အမှာစကားပြောကြားပြီး လမ်းဖြစ်မြောက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်သန်းက လမ်းခင်းနိုင်ရန် စီစဉ်ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

လွှဲပြောင်းပေးအပ်

ဆက်လက်၍ လမ်းဖြစ်မြောက်ရေးကော်မတီ အဖွဲ့နာယက ဦးလှမောင် သံအမတ်ကြီး(ငြိမ်း)နှင့် ဒုတိယဥက္ကဋ္ဌများဖြစ်သော ဒေါက်တာအောင်သန်း၊ ဒေါ်မွှေးတို့က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ပေးသွင်းရမည့် ကျပ်သိန်း၂၀၀ကို မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရဲကျော်သူရွှေထံသို့ လွှဲပြောင်းပေးအပ်လှူဒါန်းသည်။

အပြီးခင်းမည်

နတ်မောက်လမ်းသွယ်(၁)နှင့် စောမဟာလမ်းတို့၏ စုစုပေါင်းပေအရှည်မှာ(ပေ၄၉၆၀ x၁၈ပေ)ဖြစ်ပြီး စုစုပေါင်းကုန်ကျစရိတ်မှာ ကျပ် ၃၈၅သိန်းခန့် ကုန်ကျမည်ဟု ခန့်မှန်းကြောင်းနှင့် ကိုယ့်အားကိုယ်ကိုးလမ်းဆောင်ရွက်ရန်အတွက် ရပ်ကွက်ပြည်သူလူထုများက စုပေါင်းထည့်ဝင်လှူဒါန်းငွေ ကျပ်သိန်း၂၀၀ကို မြို့တော်စည်ပင်သို့ပေးသွင်းပြီး ယခုနှစ်ဦးပိုင်း မိုးမကျမီကာလ၌ အပြီးခင်းရန် စီစဉ်ထားကြောင်းသိရသည်။ **(က-ပ)**

လူထုအားကစား အထိမ်းအမှတ်ပြိုင်ပွဲ ဆုရရှိသူများစာရင်းကြေညာ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးကျင်းပခဲ့သော ၂၀၀၄ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် ဆောင်းပါး၊ ဝတ္ထုတို၊ ရောင်စုံဓာတ်ပုံနှင့် ပြည်နယ်၊ တိုင်း၊ မြို့နယ်အလိုက် အားကစားလှုပ်ရှားမှုတွင် ဆုရရှိသူများကို မတ် ၁ ရက်တွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားပြိုင်ပွဲရုံ၌ ဆုချီးမြှင့်မည်ဖြစ်သည်။ ဆုရရှိသူများသည် ဖေဖော်ဝါရီ ၂၈ ရက် နောက်ဆုံးထား၍ လူထုအားကစားနှင့် ပညာပေးဌာနခွဲ အောင်ဆန်းအားကစားကွင်းသို့ သတင်းပို့ရမည်ဖြစ်သည်။

လူထုအားကစားလှုပ်ရှားမှုတွင် ပြည်နယ်၊ တိုင်းအလိုက် ပထမဆုကို ရန်ကုန်တိုင်းက ရရှိပြီး ဒုတိယဆုကို ပဲခူးတိုင်းနှင့် တတိယဆုကို ရှမ်းပြည်နယ်(မြောက်ပိုင်း)က ရရှိပြီး မြို့နယ်အလိုက် ပထမဆုကို ပြည်မြို့နယ်က ရရှိ၍ ဒုတိယဆုကို ချောင်းဆုံမြို့နယ်က ရရှိပြီး တတိယဆုကို တောင်သာမြို့နယ်က ရရှိသည်။

ဆောင်းပါးပြိုင်ပွဲတွင် ခင်မောင်ချို(ကညွတ်ကွင်း)က ပထမ၊ စေတနာလှိုင်(ရေကြည်)က ဒုတိယနှင့် တတိယဆုကို ကိုထိန်လင်း(ပဲခူး)က ရရှိ၍ နှစ်သိမ့်ဆုကို တက္ကသိုလ်ခိုင်ဇာလင်းက ရရှိသည်။

ဝတ္ထုတိုပြိုင်ပွဲတွင် တင်မောင်ရွှေ (ဟိုပင်)က ပထမ၊ ထွန်းနိုင်(ဟိုင်းကြီးကျွန်း)က ဒုတိယ၊ မောင်မောင်ဆင့်က တတိယဆုရပြီး နှစ်သိမ့်ဆုကို မချောယဉ်(မိုးညှင်း)က ရရှိသည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ညွှန့်လှိုင်က ပထမရ၍ ဒုတိယဆုကို မောင်မေတ္တာက ရရှိပြီး အောင်ကျော်ထွန်း (ပုသိမ်ကြီးမြို့နယ်)က တတိယရရှိ၍ စိန်ဌေးက နှစ်သိမ့်ဆုရရှိကြသည်။ **(မြန်မာ့အလင်း)**

မြို့သစ်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မြို့သစ်မြို့နယ်အသင်း(ရန်ကုန်)၏ ပထမအကြိမ် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို မတ် ၂ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်း ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် အနီးရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန ခမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် မြို့နယ်သူမြို့နယ်သားများ တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်းသိရသည်။ **(က-ပ)**

ဘုရားဖြူဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်၌ကျင်းပသော ဘုရားဖြူဓမ္မသဘင်တွင် ဖေဖော်ဝါရီ ၂၆ ရက် (စနေနေ့)တွင် အရှင်ခေမိန္ဒ (စစ်ကိုင်းခင်မကန်)၊ ဖေဖော်ဝါရီ ၂၇ ရက် (တနင်္ဂနွေနေ့)တွင် အရှင်သောဘိတာဘိဝံသ (ချမ်းမြေ့ရိပ်သာ)တို့က တရားတော်များ ဟောကြားမည်ဟု သိရသည်။

(က-ပ)



● *ကျောဖုံးမှ*

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့

အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီသို့ ပြန်လည် ဆွေးနွေးတင်ပြနိုင်ရန် နိုင်ငံရေးပါတီ များမှ ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးပွဲကို နံနက် ၁၀နာရီတွင် ဆွေးနွေးပွဲခန်းမ(၁)၌ ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် ‘ဝ’ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးစောဖီးလစ် (ခ) ဦးဖီးလစ်ဆမ်က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဖြူက လည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရင်ရင်သန်းက လည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ဆွေးနွေးပွဲသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံ ကိုယ်စားလှယ် ၂၉ ဦးရှိသည့်အနက် ၂၈ ဦးတို့ တက်ရောက်သဖြင့် ရာခိုင်နှုန်းအားဖြင့် ၉၆ ဒသမ ၅၅ရာခိုင်နှုန်းရှိ၍ ဆွေးနွေးပွဲအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျ သဘာပတိ ‘ဝ’အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးစောဖီးလစ်(ခ) ဦးဖီးလစ်ဆမ်က အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံရေးပါတီများကိုယ်စား တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရီက နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်ဥပဒေပြုရေးဆိုင်ရာအာဏာခွဲဝေမှု အပိုင်းအတွက် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်အပေါ် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၏ သဘောထားတင်ပြချက်စာတမ်းကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ အလှည့်ကျသဘာပတိ ဦးစောဖီးလစ်(ခ)ဦးဖီးလစ်ဆမ်က အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီသို့ ဆက်လက်တင်ပြမည့်အစုအဖွဲ့၏ သဘောထား တင်ပြချက်စာတမ်းနှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီ ကိုယ်စားလှယ်အစုအဖွဲ့ဝင် ကိုယ်စားလှယ်များထံမှ သဘောထားရယူပြီး အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီးဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့

အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီသို့ ပြန်လည် ဆွေးနွေးတင်ပြနိုင်ရန် တိုင်းရင်းသား လူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးပွဲကို မွန်းလွဲ၂နာရီတွင်ပြည်ထောင်စုခန်းမ၌ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဦးဒူးဝါးဇုတ်ဒေါင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များ အဖြစ် ကရင်ပြည်နယ်မှ ဦးမန်းအုံး မောင်နှင့်ကယားပြည်နယ်မှဦးကျော်ဒင် (ခ)ဦးထေးရယ်တို့က ဆောင်ရွက်ကြ ပြီးအခမ်းအနားမှူးများအဖြစ် ဒုတိယ ညွှန်ကြားရေးမှူး ဦးသန်းထွန်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက် ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင် ဦးတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ဆွေးနွေးပွဲသို့တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၆၃၃ ဦး ရှိသည့်အနက် ၆၀၈ဦးတို့တက်ရောက် ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၆ဒသမ၀၅ရာခိုင်နှုန်းရှိ၍ ဆွေးနွေး ပွဲအထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာ ပတိ ဦးဒူးဝါးဇုတ်ဒေါင်က အဖွင့်အမှာ စကားပြောကြားပြီး ရခိုင်ပြည်နယ်မှ ဦးအောင်ဇံဝေက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းအတွက် အသေးစိတ်အခြေခံ ရမည့်မူများ ချမှတ်နိုင်ရေးနှင့်စပ်လျဉ်း ၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်း ပြောကြားချက်အပေါ် တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၏ သဘောထား တင်ပြချက်စာတမ်းကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် အလှည့်ကျသဘာ ပတိ ဦးဒူးဝါးဇုတ်ဒေါင်က အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ သို့တင်ပြမည့် အစုအဖွဲ့၏သဘော ထားတင်ပြချက်စာတမ်းနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် များအစုအဖွဲ့ ကိုယ်စားလှယ်များထံမှ သဘောထားရယူပြီး အတည်ပြု ကြောင်းကြေညာသည်။

ထို့နောက် အလှည့်ကျသဘာ ပတိက နိဂုံးချုပ်အမှာစကား ပြောကြား ပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက် သည်။

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့

အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီသို့ ပြန်လည်ဆွေး နွေးတင်ပြနိုင်ရန် နိုင်ငံ့ဝန်ထမ်း ကိုယ် စားလှယ်များအစုအဖွဲ့၏ ဆွေးနွေး ပွဲကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲ ခန်းမ (၇)၌ ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် ဦးအုံ့မောင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များ အဖြစ် ဗိုလ်ချုပ်အောင်သိမ်းနှင့် ဒေါက်တာမြတ်မြတ်အုန်းခင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူး အဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးဌေး ဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန် မင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ဆွေးနွေးပွဲသို့ တက်ရောက်ခွင့်ရှိကြ သည့် ညီလာခံကိုယ်စားလှယ် ၁၀၉ ဦးရှိသည့်အနက် ၁၀၇ ဦးတို့ တက် ရောက်ကြသည့်အတွက် ရာခိုင်နှုန်း အားဖြင့် ၉၈ ဒသမ ၁၇ ရာခိုင်နှုန်း ရှိ၍ ဆွေးနွေးပွဲအထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာ သည်။

ထို့နောက် အလှည့်ကျသဘာ ပတိ ဦးအုံ့မောင်က အဖွင့်အမှာစကား ပြောကြားပြီး အမျိုးသား ညီလာခံ ကိုယ်စားလှယ် ဦးဉာဏ်ထွန်းက နိုင်ငံ တော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲ ရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင် ရာ အာဏာခွဲဝေမှု အပိုင်းအတွက် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးနှင့် စပ်လျဉ်း၍ အမျိုး သားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြော ကြားချက်အပေါ် နိုင်ငံ့ဝန်ထမ်း ကိုယ် စားလှယ်များအစုအဖွဲ့၏ သဘော ထားတင်ပြချက်စာတမ်းကို ဖတ်ကြား တင်ပြသည်။

ယင်းနောက် အလှည့်ကျသဘာ ပတိ ဦးအုံ့မောင်က အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီသို့ တင်ပြမည့် နိုင်ငံ့ဝန်ထမ်း ကိုယ်စား လှယ်များအစုအဖွဲ့၏ သဘောထား တင်ပြချက်စာတမ်းနှင့် စပ်လျဉ်း၍ အစုအဖွဲ့ ကိုယ်စားလှယ်များထံမှ သဘောထားရယူပြီး အတည်ပြု ကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျ သဘာ ပတိက နိဂုံးချုပ်အမှာစကားပြောကြား ပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက် သည်။

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့

အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီသို့ ပြန်လည်ဆွေး နွေးတင်ပြနိုင်ရန် အခြားဖိတ်ကြား သင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ ဆွေး နွေးပွဲကို နံနက် ၉နာရီတွင် ဆွေးနွေး ပွဲခန်းမ(၈)၌ ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် ဦးထွန်းအောင်ချိန် က ဆောင်ရွက်၍ သဘာပတိ အဖွဲ့ ဝင်များအဖြစ် ဦးပေါလိုက်ခမ်း၊ ဒေါက် တာမနန်တူးဂျာ၊ ဦးအောင်ခမ်းထီ နှင့် ဦးစိုင်းအောင်ထွန်းတို့က ဆောင်ရွက် ကြပြီး အခမ်းအနားမှူးအဖြစ် ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက် ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့် တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ဆွေးနွေးပွဲသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၀ ရှိသည့် အနက် ၉၄ ဦးတို့ တက်ရောက်သဖြင့် ရာခိုင်နှုန်းအားဖြင့် ၉၄ ရာခိုင်နှုန်းရှိ၍ ဆွေးနွေးပွဲ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာ ပတိ ဦးထွန်းအောင်ချိန်က အဖွင့်အမှာ စကားပြောကြားပြီး သဘာပတိအဖွဲ့ ဝင် ဒေါက်တာ မနန်တူးဂျာက နိုင်ငံ တော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲ ရာတွင် ပါဝင်မည့် ဥပဒေပြုရေး ဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ် နိုင်ရေးနှင့်စပ်လျဉ်း၍ အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက် အပေါ် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ သဘောထား တင်ပြချက်စာတမ်းကို ဖတ်ကြား တင်ပြသည်။

ယင်းနောက် အလှည့်ကျသဘာ ပတိ ဦးထွန်းအောင်ချိန်က အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ သို့ ဆက်လက်တင်ပြမည့် အခြား ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစု အဖွဲ့၏ သဘောထား တင်ပြချက် စာတမ်းနှင့်စပ်လျဉ်း၍ အစုအဖွဲ့ ကိုယ်စားလှယ်များထံမှ သဘောထား ရယူပြီး အတည်ပြုကြောင်းကြေညာ သည်။

ထို့နောက် အလှည့်ကျသဘာ ပတိက နိဂုံးချုပ်အမှာစကားပြောကြား ပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက် သည်။

(သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီသို့ ပြန်လည်ဆွေးနွေးတင်ပြနိုင်ရန် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့ ဆွေးနွေးပွဲကျင်းပစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီသို့ ပြန်လည်ဆွေးနွေးတင်ပြနိုင်ရန် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့ ဆွေးနွေးပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီသို့ ပြန်လည်ဆွေးနွေးတင်ပြနိုင်ရန် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ ဆွေးနွေးပွဲကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း အဖွဲ့ ဗဟိုအမှုဆောင်အစည်းအဝေး (၂/၂၀၀၅) ကို ယမန်နေ့ မွန်းလွဲ၁၂ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ ဒုတိယ ထပ်ရှိ အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

ဗဟိုအမှုဆောင်အစည်းအဝေး(၂/ ၂၀၀၅)တွင် သဘာပတိအဖြစ် မြန်မာ နိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဦးသန်းမောင်(သန်းမောင်)က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး(၃) ဦးခင်ဆွေ (ရွှေစွန်ညို)က ဆောင်ရွက်သည်။

အစီအစဉ်အရ သဘာပတိ မြန်မာ နိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဦးသန်းမောင်(သန်းမောင်)က အဖွင့်အမှာစကား ပြောကြားပြီး အဖွဲ့ အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း- တွံတေး)က ဗဟိုအမှုဆောင် အစည်း အဝေး(၁/၂၀၀၅) ဆုံးဖြတ်ချက်များ ဆောင်ရွက်ပြီးစီးမှုများကို တင်ပြသည်။

ဆက်လက်၍ ရုံးအဖွဲ့၊ စည်းရုံး ရေးလုပ်ငန်းအဖွဲ့၊ ဘဏ္ဍာရေးအဖွဲ့၊ စာအုပ်ထုတ်ဝေရေးနှင့် ဟောပြော ဆွေးနွေးလေ့လာရေး လုပ်ငန်းအဖွဲ့၊ ရန်ပုံငွေရှာဖွေရေး လုပ်ငန်းအဖွဲ့၊ သက်သာချောင်ချိရေးလုပ်ငန်းအဖွဲ့၊ နိုင်ငံတကာဆက်သွယ်ရေးလုပ်ငန်း အဖွဲ့၊ စာရင်းစစ်အဖွဲ့၊ စာပေရန်ပုံငွေ ကြီးကြပ်ရေးအဖွဲ့တို့၏ အဖွဲ့ခေါင်း ဆောင်များက အဖွဲ့လုပ်ငန်းဆောင် ရွက်ထားမှုများကို တင်ပြကြပြီး တက်ရောက်လာကြသည့် ဗဟို အမှုဆောင် ကော်မတီဝင်များက အကြံပြုဆွေးနွေးကြသည်။

(သတင်းစဉ်)

သာသာယာယာ

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။

ပုသိမ်မြို့ အထက-၁၊ ၂၊ ၃ အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ပုသိမ်မြို့ အထက-၁၊၂၊၃ မှ အသက်(၇၅)နှစ်ပြည့်ပြီး ရန်ကုန်မြို့နေ ဆရာဆရာမများအား ကျောင်းသူကျောင်းသားဟောင်းများက နှစ်စဉ်ကျင်းပမြဲ ဖြစ်သော အာစရိယပူဇော်ပွဲကို မတ်၆ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ရေဝတီတိုင်းခမ္မာရုံ ကြားတောရလမ်း ဗဟန်းတွင် ကျင်းပမည်ဖြစ်သည်။ ကျောင်းသားဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးဘအေး ဖုန်း-၆၆၁၆၈၅၊ ၆၆၆၄၀၄၊ ဦးတင်လှိုင်ဦး ဖုန်း-၅၂၇၃၁၂၊ ဦးလေးတင့် ဖုန်း-၂၂၁၉၇၈၊ ၇၀၁၄၇၃၊ ဦးခင်မောင်ဝင်း ဖုန်း-၅၄၉၀၄၂၊ ဦးမြင့်ဦး ဖုန်း- ၃၈၁၃၆၁ နှင့် ဦးအောင်သန်း ဖုန်း-၀၉-၅၁၂၃၀၇၂ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ် မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်
နောက်ဆုံးပတ် (တနင်္ဂနွေနေ့) (၂၇-၂-၂၀၀၅)ရက်နေ့

၂၀၀၅ခုနှစ်၊ မတ်လအတွက်
(၁၃-၃-၂၀၀၅)ရက်နေ့နှင့်(၂၇-၃-၂၀၀၅)ရက်နေ့

တည်ဆဲဥပဒေများ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပြဋ္ဌာန်းပြီးသည့်တိုင် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုမီ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် မဆန့်ကျင်သရွေ့အတည်ဖြစ်နေမှသာ နိုင်ငံတော်ယန္တရားသည် ဥပဒေနှင့်အညီ လည်ပတ်နိုင်မည်

အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ အလုပ်သမားကိုယ်စားလှယ်ကျသဘာပတိအဖွဲ့ဝင် ဒေါက်တာမျိုးသန့်တင်၏ ရှင်းလင်းတင်ပြချက်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့် မူများချမှတ်နိုင်ရန် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ကိုယ်စား အလုပ်သမားကိုယ်စားလှယ်များကျသဘာပတိအဖွဲ့၏ အဖွဲ့ဝင် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာမျိုးသန့်တင်၏ "လွှတ်တော်အဆင့်ဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့် ဥပဒေများ၏ အကျိုးသက်ရောက်မှု"**နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းမှာပါဝင်သော လွှတ်တော်အဆင့်ဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ဦးစီးအဖွဲ့များကပြဋ္ဌာန်းသည့် ဥပဒေများ၏ အကျိုးသက်ရောက်မှုအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များနှင့် ညီလာခံကိုယ်စားလှယ် အချို့တို့၏ အကြံပြုတင်ပြချက်များအပေါ် သဘာပတိအဖွဲ့၏ ကောက်နုတ်စုစည်းချက်ကို ဆက်လက်တင်ပြသွားမည် ဖြစ်ကြောင်း။

၂၀၀၄ ခုနှစ် မေလ ၂၁ရက်နေ့တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက–

"ယခုကျင့်သုံးလျက်ရှိသည့် တည်ဆဲဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြဋ္ဌာန်းပြီးသည့်နောက်ပိုင်း ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် မဆန့်ကျင်သမျှ အတည်ဖြစ်နေမှသာ နိုင်ငံတော်၏ ယန္တရားသည် ဥပဒေနှင့်အညီ စဉ်ဆက်မပြတ် ချောမောစွာလည်ပတ်နိုင်မည် ဖြစ်ပါကြောင်း။

(၁) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့က ပြဋ္ဌာန်းလိုက်သည့် ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်၊

(၂) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့က ပြဋ္ဌာန်းလိုက်သည့် ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းလိုက်သည့် ဥပဒေတစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်၊

(၃) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းလိုက်သည့် ဥပဒေတစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်၊

(၄) ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့က ပြဋ္ဌာန်းလိုက်သည့်ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည်လည်းကောင်း၊ တည်ဆဲဥပဒေသည်လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်၊

(၅) တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နဲ့ မဆန့်ကျင်သမျှ အတည်ဖြစ်သည်"

ဟု ရှင်းလင်းပြောကြားသွားခဲ့ပါကြောင်း။

နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ

ယင်းရှင်းလင်းချက်နှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် နိုင်ငံရေးပါတီ ခုနစ်ပါတီအနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက "လွှတ်တော်အဆင့်ဆင့်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့် ဥပဒေများ၏ အကျိုးသက်ရောက်မှုကဏ္ဍနှင့် ပတ်သက်၍လည်း လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်ဟာ ပြည့်စုံလုံလောက်ကြောင်း သဘောထားရရှိပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်

ယင်းကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က "လက်ရှိတည်ဆဲဥပဒေများကို ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်ဟူသော ရှင်းလင်းချက်များကို အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

သဘာပတိအဖွဲ့ကိုယ်စား အလုပ်သမားကိုယ်စားလှယ်များကျသဘာပတိအဖွဲ့၏ အဖွဲ့ဝင် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာမျိုးသန့်တင်က 'လွှတ်တော်အဆင့်ဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့် ဥပဒေများ၏ အကျိုးသက်ရောက်မှု'နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

မြို(ခေါ်) ခမိအမျိုးသားညီညွတ်ရေးအဖွဲ့

ယင်းကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သော မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့က "မိမိတို့ မြို(ခေါ်) ခမိအမျိုးသားညီညွတ်ရေးအဖွဲ့အနေဖြင့် ဆက်လက်တင်ပြလိုသည်မှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်ပါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များ၏ ဥပဒေပြုခွင့်အာဏာအပါအဝင် ကျန်ရှင်းလင်းတင်ပြသည့် ကိစ္စရပ်များသည် ပြီးပြည့်စုံမှုရှိသည့်အတွက် မိမိတို့အဖွဲ့အနေဖြင့် ဆွေးနွေးရန်မရှိပါကြောင်း" ဖြင့် ဆွေးနွေးတင်ပြသွားပါကြောင်း။

လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ

ယင်းကိုယ်စားလှယ်များ အစုအဖွဲ့တွင်ပါဝင်သည့် လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက "ဥပဒေပြုအဖွဲ့အစည်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ရည်ရွယ်ချက်များ၊ အနှစ်သာရများနဲ့အညီ မိမိတို့အား အပ်နှင်းထားသည့် ဥပဒေပြုခွင့်အာဏာများ၊ လိုအပ်သော ဥပဒေများကို လိုအပ်သလို ပြဋ္ဌာန်းကြရမှာ ဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ ပြဋ္ဌာန်းကြသည့်အခါတွင် တကွဲတပြားစီမရှိ၊ စိတ်ဝမ်းကွဲပြားမှု မဖြစ်စေဘဲ ပြည်သူများက ဥပဒေအရာမှာ ညီတူညီမျှ အကျိုးခံစားခွင့်ရရှိရုံမက တိုင်းရင်းသားများ စည်းလုံးညီညွတ်မှုရရှိဖို့ လိုအပ်ပါကြောင်း၊ ယင်းအဖွဲ့အစည်းအဆင့်ဆင့်က ဥပဒေပြု ပြဋ္ဌာန်းသည့်အခါတွင် တစ်ယောက်တစ်မျိုး၊ တစ်ဖွဲ့တစ်မျိုး ဆိုသလိုမဖြစ်စေရန် သတ်မှတ်လျာထားသည့် အသေးစိတ်အခြေခံရမည့်မူ (၁)မှ (၅)အထိသည် အမှန်တကယ် လိုက်နာကျင့်သုံးသင့်သည့် ဥပဒေတစ်ရပ်ဖြစ်သည့်အတွက် လျော်ကန်သင့်မြတ်ပါကြောင်း"ဖြင့် ဆွေးနွေးတင်ပြသွားပါကြောင်း။

ပြည်ထောင်စုကရင်အမျိုးသားအဖွဲ့ချုပ်

ယင်းကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့် ပြည်ထောင်စုကရင်အမျိုးသားအဖွဲ့ချုပ်က"လွှတ်တော်အဆင့်ဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့် ဥပဒေများ၏ အကျိုးသက်ရောက်မှုနှင့် စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များမှာပါရှိသော အပိုဒ်(၁)မှ (၅)အထိ ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ဖော်ပြထားသည့်အပေါ် ထပ်မံအကြံပြု ဆွေးနွေးစရာမရှိပါ။ အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း"ဖြင့် ဆွေးနွေးတင်ပြသွားပါကြောင်း။

ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ

ယင်းကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီက "အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်မှာပါရှိသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဦးစီးအဖွဲ့များ၏ ဥပဒေပြုခွင့်အာဏာ၊ ပြည်ထောင်စု တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြုအာဏာ ခွဲဝေအပ်နှင်းရေး၊ ပြည်ထောင်စု နယ်မြေများအတွက် ဥပဒေပြုခွင့်အာဏာ၊ လွှတ်တော်အဆင့်ဆင့်နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့် ဥပဒေများ၏ အကျိုးသက်ရောက်မှုစသည့် အကြောင်းအရာများအပေါ် ဆွေးနွေးတင်ပြရန် မရှိပါကြောင်း တင်ပြအပ်ပါကြောင်း"ဖြင့် ဆွေးနွေးတင်ပြသွားပါကြောင်း။

'ဝ' အမျိုးသားညီညွတ်ရေးပါတီ

ယင်းကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် 'ဝ'အမျိုးသားညီညွတ်ရေးပါတီက "နိုင်ငံတော်တွင်ရှိသည့် ဥပဒေပြုအဖွဲ့အစည်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ရည်ရွယ်ချက်များ၊ အနှစ်သာရများနှင့်အညီ မိမိတို့ အပ်နှင်းထားသည့် ဥပဒေပြုခွင့်အာဏာများအရ လိုအပ်သော ဥပဒေများကို ပြဋ္ဌာန်းကြမှာ ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဥပဒေပြဋ္ဌာန်းသည့်နေရာတွင် မဆင်မခြင် တစ်ယောက်တစ်ပေါက်၊ တစ်ဖွဲ့တစ်မျိုး ပြဋ္ဌာန်းပြုလုပ်ပါက ပြည်သူများသည် ဥပဒေအရာတွင် ညီတူညီမျှ အကျိုးခံစားခွင့်ရရှိနိုင်မှာ မဟုတ်သည့်အပြင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုလည်း အနည်းနှင့်အများ ထိခိုက်နိုင်ပါကြောင်း၊ ထို့ကြောင့် ဥပဒေတစ်ရပ်ရပ်ပြဋ္ဌာန်းသည့်အခါတွင် ပြဋ္ဌာန်းလိုက်သည့် ဥပဒေသည် အဆင့်မြင့်ဥပဒေပြုအဖွဲ့အစည်းများက ပြဋ္ဌာန်းထားသည့် ဥပဒေအတိုင်း လိုက်နာကျင့်သုံးရန် လိုအပ်ပါကြောင်း၊ သို့မှသာလည်း အထက်အောက် အဆင့်ဆင့် လုပ်ငန်းဆက်သွယ်ဆောင်ရွက်ရာတွင် အဆင်ချောပြီး လုပ်ငန်းများအောင်မြင်ထိရောက်မှုရှိမှာဖြစ်ပါကြောင်း"ဖြင့် ဆွေးနွေးတင်ပြသွားပါကြောင်း။

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသောကိုယ်စားလှယ်

ညီလာခံကိုယ်စားလှယ်အစုအဖွဲ့ရှစ်ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့က ဆွေးနွေးတင်ပြသော အကြံပြုချက်စာတမ်း ငါးစောင်အနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှကိုယ်စားလှယ်၊ မြို(ခေါ်)ခမိအမျိုးသား ညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်တို့၏ သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင်ပါဝင်သည့် ယင်းတို့၏ နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ပြီး ဖြစ်ပါကြောင်း၊ ယင်းနွေးနွေးချက်များအတိုင်းပင် သက်ဆိုင်ရာ ကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားသည်ကို တွေ့ရပါကြောင်း။

တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ

ယင်းအစုအဖွဲ့တွင် ပါဝင်သည့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များ ဖြစ်ကြသည့် ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ ဒေါက်တာမှုထန်နှင့် ရှမ်းပြည်နယ် ရွာငံမြို့နယ် မဲဆန္ဒနယ်မှ ဦးအောင်သိန်းတို့က "ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြုရေး အာဏာအပ်နှင်းရေးနှင့် ပတ်သက်၍လည်း အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ပါအတိုင်း အသေးစိတ် အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်းနှင့် လွှတ်တော်အဆင့်ဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့် ဥပဒေများ၏ အကျိုးသက်ရောက်မှုနှင့် ပတ်သက်၍လည်း အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ပါအတိုင်း အသေးစိတ် အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါကြောင်း" ဖြင့် ဆွေးနွေးတင်ပြသွားပါကြောင်း။

ယင်းအစုအဖွဲ့တွင် ပါဝင်သည့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များ ဖြစ်ကြသည့် ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က "ထိုနည်းတူစွာ လွှတ်တော် အဆင့်ဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအဖွဲ့များက ပြဋ္ဌာန်းသည့် ဥပဒေများ၏ အကျိုးသက်ရောက်မှုကဏ္ဍနှင့်ပတ်သက်၍ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်စာတမ်းမှာ ပြီးပြည့်စုံပြီး ဖြစ်သည့်အတွက် ဖြည့်စွက်အကြံပြုတင်ပြရန် မရှိပါကြောင်း တင်ပြအပ်ပါကြောင်း" ဖြင့် ဆွေးနွေးတင်ပြသွားပါကြောင်း။

ယင်းအစုအဖွဲ့တွင် ပါဝင်သည့် ရှမ်းပြည်နယ် မြောက်ပိုင်း နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ်ဦးထွန်းကျော်က "ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြုခွင့်အာဏာနှင့် လွှတ်တော်အဆင့်ဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့် ဥပဒေများ၏ အကျိုးသက်ရောက်မှုကဏ္ဍနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်မှာ ပြီးပြည့်စုံပြီးဖြစ်သဖြင့် ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ထည့်သွင်းသင့်ကြောင်း ထောက်ခံတင်ပြအပ်ပါကြောင်း" ဖြင့် ဆွေးနွေးတင်ပြသွားပါကြောင်း။

တိုင်းရင်းသားလူမျိုးများကိုယ်စားလှယ်

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် တိုင်းရင်းသားလူမျိုးများကိုယ်စားလှယ် အစုအဖွဲ့က "ယခုကျင့်သုံးလျက်ရှိသည့် တည်ဆဲဥပဒေတွေကို ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြဋ္ဌာန်းပြီးသည့်နောက်ပိုင်း ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် မဆန့်ကျင်သမျှ အတည်ဖြစ်နေမှသာ နိုင်ငံတော်၏ ယန္တရားသည် ဥပဒေနှင့်အညီ စဉ်ဆက်မပြတ် ချောမောစွာ လည်ပတ်နိုင်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် လွှတ်တော်အဆင့်ဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့် ဥပဒေများ၏ အကျိုးသက်ရောက်မှုနှင့်စပ်လျဉ်းသည့် အချက်ငါးချက်ကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း"ဖြင့် ဆွေးနွေးတင်ပြသွားပါကြောင်း။

တောင်သူလယ်သမားကိုယ်စားလှယ်

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့က "လွှတ်တော်အဆင့်ဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့် ဥပဒေများ၏ အကျိုးသက်ရောက်မှုကို ဆက်လက်တင်ပြမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းလိုက်သည့် ဥပဒေသည် သာမန်အားဖြင့် နိုင်ငံတစ်ဝန်းလုံးတွင် အာဏာသက်ရောက်မှုရှိသကဲ့သို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တွေက ပြဋ္ဌာန်းလိုက်သည့် ဥပဒေသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း အာဏာသက်ရောက်မှုရှိမှာဖြစ်ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီး သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များက ပြဋ္ဌာန်းလိုက်သည့် ဥပဒေများဆိုရင်လည်း သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ဒေသအတွက် အာဏာသက်ရောက်မှု ရှိရမှာဖြစ်ပါကြောင်း၊ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများသည်လည်း အဆင့်မြင့်လွှတ်တော်က ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့် ဆန့်ကျင်မှုရှိရင် အဆင့်မြင့်သည့် လွှတ်တော်များက ပြဋ္ဌာန်းသည့်ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ကျင့်သုံးကြရမှာ ဖြစ်ပါကြောင်း၊ ထို့ကြောင့် လွှတ်တော်အဆင့်ဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့် ဥပဒေများ၏ အကျိုးသက်ရောက်မှုနှင့် စပ်လျဉ်းသည့် အချက်ငါးချက်ကို အသေးစိတ် အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါကြောင်း"ဖြင့် ဆွေးနွေးတင်ပြသွားပါကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် ပရိသတ်များက စစ်ကိုင်းတိုင်း ကသာခရိုင် ကောလင်းမြို့နယ် အင်ပင်လှကျေးရွာ မဟာသုခသီတလစေတီတော်ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနား၌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ရွှေဘိုမြို့ ပဌာန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလာဘိဝံသထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။
(သတင်းစဉ်)

■ ***ရှေ့ဖုံးမှ***

■ ရှေ့ဖုံးမှ

အဆိုပါမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ရွှေဘိုမြို့ ပဌာန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလာဘိဝံသ အမှူးပြုသည့် ဆရာတော် သံဃာတော်အရှင်သူမြတ် ၄၅ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စစ်ကိုင်းတိုင်းမှ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကသာခရိုင်နှင့် ကောလင်းမြို့နယ်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များ၊ အင်ပင်လှကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ အကြံပေးအရာရှိ ဦးမင်းကြည်က ဆောင်ရွက်ပြီး အခမ်းအနား အစီအစဉ်များကို ဖတ်ကြား ကြေညာက်ထားတင်ပြသည်။

အစီအစဉ်အရ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး 'ထူးမခြားနား' သီချင်းခန့်ကို သီဆိုပူဇော်၍ အောင်စည်အောင်မောင်း သုံးကြိမ်တီးခတ်သည်။

သီလခံယူဆောက်တည်

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ရွှေဘိုမြို့ ပဌာန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလာဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်နှင့် ပရိတ်သဲတို့ကို သံဃာတော်များထံ ဆက်ကပ်ကြသည်။

ထို့နောက် သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်နှင့် ပရိတ်သဲတို့ကို ယူဆောင်၍ စေတီတော်ရင်ပြင်၌ အန္တရာယ်ကင်းစေရေးအတွက် ပက်ဖျန်းချည်နှောင်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည်မဟာသုခသီတလစေတီတော်အား လှူဒါန်းသောအားဖြင့် စိန်ဖူးတော်အား နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ရွှေဘိုမြို့ ပဌာန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဝိမလာဘိဝံသအား ဆက်ကပ်လှူဒါန်း၍ လှူဖွယ်ပစ္စည်းများကိုလည်း ဆက်ကပ် လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ငှက်မြတ်နားတော်ကို လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဇနီးတို့က ရွှေကြာသင်္ကန်းကိုလည်းကောင်း သံဃာတော်များအား ဆက်ကပ်လှူဒါန်းပြီး လှူဖွယ်ပစ္စည်းများကိုလည်း ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီးတို့က လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများကိုလည်းကောင်းဆရာတော်သံဃာတော်များအားဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက်စေတီတော်တည်ဆောက်ရာ၌ မပြည့်စုံမှု၊ မှားယွင်းမှုများရှိပါက ခွင့်လွှတ်ပါရန် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များအား တောင်းပန်လွှာကို သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ဖတ်ကြားသည်။

ရေစက်သွန်းချအမျှဝေ

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ရွှေဘိုမြို့ ပဌာန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိမလာဘိဝံသက ရေစက်ချတရားတော် ချီးမြှင့်ရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် ပရိသတ်များက လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ရွှေထီးတော်ပင့်ဆောင်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက စိန်ဖူးတော်ကို လည်းကောင်း၊ ဇနီးဒေါ်မြမြစန်းက ငှက်မြတ်နားတော်ကို လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ တိုင်းမှူးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် အလှူရှင်များသည် ဆပ်သွားဖူးတော်၊ ရွှေထီးတော်ဘုံဆင့်များနှင့် ရွှေကြာသင်္ကန်းတို့ကို ပင့်ဆောင်၍ လည်းကောင်း စေတီတော်အား လက်ယာရစ်တစ်ပတ်လှည့်လည်ပူဇော်၍ ရွှေထီးတော်တင် မင်္ဂလာမဏ္ဍပ်သို့ ပို့ဆောင်ကြသည်။

နှစ်(၆၀)ပြည့်တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီစစ်ရေးတေးပြိုင်ပွဲဆုရရှိသူများထုတ်ပြန်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ကဗျာနှင့်အနုပညာပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသော စစ်ချီစစ်ရေးတေးပြိုင်ပွဲများမှ ဆုရရှိကြသူများအမည်စာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။

စစ်ချီတေးပြိုင်ပွဲတွင် လေယာဉ် ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ်မှ တပ်ကြပ်ကြီးဖုန်းမြင့်၏ **'ကြံ့ခိုင်စိတ်ဓာတ် မြင့်မြတ်တပ်မတော်'**က ပထမ၊ လှိုင်မြို့နယ်မှ ဗိုလ်မှူးသန်းစိုးအောင်၏ **'မဟာမြန်မာသားကောင်းတွေ'**က ဒုတိယ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ် ဌာနချုပ်မှ ဒုအရာခံဗိုလ်အောင်ဇော်၏ **'အမျိုးအတွက် မျိုးချစ်တဲ့တပ်မတော်'**က တတိယ၊ သဃ်န်းကျွန်းမြို့နယ်မှ စောရန်ကျော်၏ **'ပြည်သူနဲ့တစ်သားတည်း တို့တပ်မတော်'**၊ ရေတပ်စစ်တီးဝိုင်းတပ်မှ တပ်ကြပ်ကြီးမြင့်လွင်၏ **'နိုင်ငံတော်အတွက် တို့တပ်မတော်'**၊ စစ်တက္ကသိုလ်မှ သန်းဌေး၏ **'ဦးလည်မသုန်'**၊ ရေတပ် စစ်တီးဝိုင်းတပ်မှ သန်းထွဋ်၏ **'ကမ္ဘာတည်မည့် မြန်မာပြည်၏ တပ်မတော်'**နှင့် ကြည့်မြင်တိုင်မြို့နယ်မှ ဒီဃဦး၏ **'ပန်းတိုင်ဆီသို့'** တို့က အထူးဆုများ အသီးသီးရရှိကြသည်။

အဆင့်(၁)ပြိုင်ပွဲ

စစ်ရေးတေး အဆင့်(၁)ပြိုင်ပွဲတွင် ရေနံချောင်းမြို့မှ ရေနံ့သာမောင်ကျော်ညွန့်၏ **'ကောင်းကျိုးဆောင်ဖော် တပ်မတော်'**ကပထမ၊ အနောက်ရန်ကင်းမှ တင်မောင်လှိုင်၏ **'တောင်ပြာတန်းက ပန်းလက်ဆောင်'**က ဒုတိယ၊ မြဝတီရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ လေးနိုင်မင်း(မြဝတီ)၏ **'အမိမြန်မာ ပြည်သားဇာနည်'**က တတိယ၊ တောင်ဥက္ကလာပမြို့နယ်မှ မိုးခင်ကျော်၏ **'ပြည်သူ့အတွက် ထာဝရတပ်မတော်'**၊ မင်္ဂလာတောင်ညွန့်မြို့နယ်မှ ဆုရွှက်ဝေ **'မြန်မာ့တပ်မတော်အားမာန်'**၊ ဒဂုံမြောက်ပိုင်းမှ ချစ်စမ်းမောင်(အသုတ်)၏ **'နုပျိုသစ်လွင် အလှဆင်တပ်မတော်ခရီးစဉ်'**၊ မြင်းခြံဗလုံညွန့်၏ **'နိုင်ငံဂုဏ်ဆောင် သူရဲကောင်းများ'** နှင့် မြဝတီ ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ ဝင်းထွန်း(မြဝတီ)၏ **'အဓိဋ္ဌာန်ညီညာ'** တို့က အထူးဆုများ အသီးသီးရရှိကြသည်။

စစ်ရေးတေးအဆင့်(၂)ပြိုင်ပွဲတွင် စမ်းချောင်းမြို့နယ်မှ ဝေလင်း၏ **'တည်စေနှစ်ပေါင်းထောင်သောင်းမကပေ'**က ပထမ၊ တောင်ဥက္ကလာပမြို့နယ်မှ ဟသ်ာတမျိုးအောင်၏ **'နိုင်ငံတော်သစ်တည်ဆောက်နေပြီ'**က ဒုတိယ၊ ပုဇွန်တောင်မြို့နယ်မှ မိုးသူ၏ **'အေးချမ်းသာယာပြည်မြန်မာ'**က တတိယ၊ ကြည့်မြင်တိုင်တစ်ဖက်ကမ်းမှ ဆလိုင်းမောင်လင်္ကာ (ပေါက်ခေါင်း)၏ **'ကြိုဆိုပါသည် အောင်စစ်သည်'**၊ အမှတ်(၁၁)ခြေမြန် တပ်မဌာနချုပ်မှ ဒုအရာခံဗိုလ်အောင်ဝင်း၏ **'ပြည်သူ့အတွက် မြန်မာ့တပ်မတော်'**၊ အမှတ်(၄) ဆောက်လုပ်ရေး အင်ဂျင်နီယာတပ်မှ လှသောင်းဦး(သာယာဝတီ)၏ **'ဒို့ပိုင်နက်များကာကွယ်ထား'**၊ တောင်ဥက္ကလာပမြို့နယ်မှ ယုကီ၏ **'အမျိုးစောင့်တရားနှင့်တပ်မတော်'**နှင့် တောင်ဥက္ကလာပမြို့နယ်မှ ချစ်သက်ဝင်း၏ **'ဂုဏ်ရည်မြင့်မားဇာနည်ဘွား'**တို့က အထူးဆုများ အသီးသီးရရှိကြသည်။

ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများသည် ၂၀၀၅ ခုနှစ် မတ်၂၇ ရက်တွင် ကျင်းပမည့် ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဆုများ တက်ရောက်ယူရန်ဖြစ်ပါသည်။ ဆုရရှိသူများအားလုံးသည် ရုပ်မြင်သံကြား မှတ်တမ်းတင် ရိုက်ကူးနိုင်ရန်အတွက် စစ်ချီစစ်ရေးတေးပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ အတွင်းရေးမှူး ဦးကိုကိုထွေး၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ အမြန်ဆုံးလာရောက် သတင်းပို့ရန် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေဘိုမြို့ ပဌာန်းကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိမလာဘိဝံသအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း ရွှေထီးတော်ဘုံအဆင့်ဆင့်၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို မင်္ဂလာရထားပျံဖြင့် မဟာသုခသီတလစေတီတော်အထွတ်သို့ ပင့်ဆောင် ပူဇော်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း စစ်ကိုင်းတိုင်း ကသာခရိုင် ကောလင်းမြို့နယ် အင်ပင်လှကျေးရွာ မဟာသုခသီတလစေတီတော် ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနား၌ စေတီတော်အား လှူဒါန်းသောအားဖြင့် စိန်ဖူးတော်အား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ရွှေဘိုမြို့ ပဌာန်းကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိမလာဘိဝံသထံ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ထိုအချိန်တွင် နန်းဝင်းဇာတ်အဖွဲ့ဝင်များနှင့် မင်္ဂလာစည်တော်အဖွဲ့တို့က ခမ္ဘတေးများဖြင့် သီကျူးပူဇော်ကြသည်။

အထွတ်သို့တင်လှူ

ထို့နောက်ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် ရွှေထီးတော် ဘုံဆင့်များကို နံ့သာရည်များ ပက်ဖျန်းပူဇော်ကြပြီး မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူပေးကြသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် ဆပ်သွားဖူးတော်၊ ရွှေကြာသင်္ကန်း၊ သာသနာ့အောင်လံ၊ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို နံ့သာရည်များပက်ဖျန်းပူဇော်ကြပြီး မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူပေးကြသည်။

ထို့နောက် စေတီတော်အထွတ်၌ ကြိုတင်တက်ရောက် နေရာယူထားကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ)၊ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ဝန်ကြီးများနှင့် တပ်မတော် အရာရှိကြီးများသည် ရွှေထီးတော်ဘုံဆင့်များ၊ ဆပ်သွားဖူးတော်၊ငှက်မြတ်နားတော်နှင့်စိန်ဖူးတော်တို့ကို စေတီတော်အထွတ်တွင် တင်လှူပူဇော်ပေးကြသည်။

ဆက်လက်၍ တာဝန်ရှိသူများက ငှက်ပျောဖူးတွင် ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

စိန်ဖူးတော် တင်လှူပြီးစီးသည်နှင့် သံဃာတော် အရှင်သူမြတ်တို့က ဇယမင်္ဂလာ ဗောဓိယာမူလေ အစချီသော အောင်ဂါထာတော်ကိုရွတ်ဆိုကြသည်။

အနေကဇာတင်

ထို့နောက် ဆရာတော် သံဃာတော် အရှင်သူမြတ်များက မဟာသုခသီတလစေတီတော်အားဗုဒ္ဓါဘိသေက အနေကဇာ တင်တော်မူကြသည်။ ယင်းနောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး မင်္ဂလာအခမ်းအနားအောင်မြင်ပြီးမြောက်ခြင်း အထိမ်းအမှတ်အဖြစ် ရွှေမိုးငွေမိုး ရွာသွန်းကြသည်။

(သတင်းစဉ်)

ဘဏ္ဍာ/အခွန်ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ပြခန်းများအတွင်း ပြင်ဆင်ထားမှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းသည် ယနေ့ ညနေ ၃ နာရီက ရန်ကုန်မြို့ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်း ပြတိုက်သို့ရောက်ရှိလာရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနလုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် သက်ဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များက ကြိုဆိုကြသည်။

ရှေးဦးစွာ ဝန်ကြီးသည် တပ်မတော် စစ်သမိုင်းပြတိုက် ဒုတိယထပ်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြခန်း တွင်ပြသထားသော ဦးစီးဌာန၊လုပ်ငန်း ဌာနများ၏ပြကွက်များအား ကြည့်ရှုစစ်ဆေးရာ**(ဝဲပုံ)** ပြခန်းအတွင်း ခင်းကျင်းပြင်ဆင်မှုများနှင့် ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များအား လိုအပ်ချက်များအပေါ် အသေးစိတ် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် တပ်မတော်စစ်သမိုင်းပြတိုက်ပထမထပ်ရှိ တိုင်းကျိုးပြည်ပြု၊ ပြည်သူ့အကျိုးပြု လုပ်ငန်းများပြခန်းတွင် ပြသထားသော ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြကွက်များကို ကြည့်ရှုစစ်ဆေးရာ ဝန်ကြီးဌာနပြကွက်နှင့်ပတ်သက်၍ ဌာနတစ်ခုချင်းအလိုက် သက်ဆိုင်ရာ တာဝန်ရှိသူများက မိမိတို့ဆောင်ရွက်ထားသော လုပ်ငန်းကဏ္ဍများကို ရှင်းလင်းတင်ပြရာ တင်ပြချက်များ အပေါ် ဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၂၉)ကြိမ်မြောက် မအူပင်မြို့နယ်လုံးဆိုင်ရာ သုဓမ္မာပရိယတ္တိဝိနယာဓိကစာမေးပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

(၂၉)ကြိမ်မြောက် မအူပင်မြို့နယ်လုံးဆိုင်ရာ သုဓမ္မာပရိယတ္တိဝိနယာဓိကစာမေးပွဲကို ၁၃၆၆ ခုနှစ် တပို့တွဲလပြည့်ကျော် ၉ရက်မှ ၁၂ရက် (မတ် ၄ရက်မှ ၇ရက်)အထိ မအူပင်မြို့ မြို့လယ်ကျောင်း တိုက်ကြီးအတွင်း၌ လေးရက်တိုင် ကျင်းပမည်ဖြစ်သည်။ အဆိုပါစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုကြမည့် ရဟန်း/သာမဏေ၊သီလရှင်များ ၃၅၉ပါးနှင့် ပင့်သံဃာ ဆရာတော်ကြီးများ ၂၅၅ပါး စုစုပေါင်း ၆၁၄ပါး ကြွရောက်တော်မူကြမည်ဖြစ်သည်။

ထို့အပြင် မအူပင်မြို့ မြို့လယ် ကျောင်းတိုက်မဟာအတုလသကျသီဟ ချမ်းသာကြီး ရုပ်ရှင်တော်မြတ် ဘုရားအာရုံခံတန်ဆောင်းကြီးအတွင်း၌ ၁၃၆၆ ခုနှစ် တပို့တွဲလပြည့်ကျော်၇ရက်မှ ၁၂ရက် (မတ်၂ရက်မှ ၇ရက်)အထိ ညစဉ် ၇နာရီမှစတင်၍ ဆရာတော် အရှင်သူမြတ်တို့ကနိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်ပြီး ဖြေဆိုကြမည့် ရဟန်း/သာမဏေ၊ သီလရှင်များနှင့် ပင့်သံဃာဆရာတော်ကြီးများအား ဆွမ်း၊အချိုပွဲ၊ဖျော်ရည်များ၊ စာအောင်ဆုများ လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆရာကြီးဦးစိန်လှိုင်အားဂုဏ်ပြု

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မြို့မ ကျောင်းသား ကျောင်းသူဟောင်းအသင်းကဦးစီး၍ (၉)ကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲပွဲနှင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(FIFA)၏ နှစ်၁၀၀ပြည့် အထိမ်းအမှတ်အဖြစ် ရာပြည့်စွမ်းဆောင်ရှင်ဆုချီးမြှင့်ခြင်းခံရသော မြို့မကျောင်းသားဟောင်း မြန်မာ့ဘောလုံးအသင်း နည်းပြဆရာဟောင်း ဦးစိန်လှိုင်အားဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ၂၂ရက်က ကျင်းပရာ ဦးစိန်လှိုင်၏အတ္ထုပ္ပတ္တိကို ဖတ်ကြားပြီး နာယကများဖြစ်ကြသော ဦးသန်းထွန်း၊ဦးစောဝင်းသိမ်းနှင့်အသင်းဥက္ကဋ္ဌ ဦးတင့်ဆွေတို့က ဂုဏ်ပြုဆုများချီးမြှင့်ကြောင်း သိရသည်။ **(က-ပ)**

အဖျက်သမားမှန်သမျှချေမှုန်းရန် ပြည်သူတို့သန္နိဋ္ဌာန် ချထားပြီးပြီ

အမျိုးသားညီလာခံကြီးကို ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှစတင်၍ ပြန်လည်ကျင်းပလျက်ရှိသည်။ အမျိုးသားညီလာခံကြီးတွင် လူထုလူတန်းစား အလွှာအသီးသီးမှ ကိုယ်စားလှယ်ပေါင်း ၁၀၀၀ ကျော် တက်ရောက်လျက်ရှိကြသည်။

ညီလာခံသို့ တက်ရောက်နေသည့် တိုင်းရင်းသားကိုယ်စားလှယ်အစုအဖွဲ့တွင် ပြည်နယ်၊တိုင်းများမှ တိုင်းရင်းသားစုံ ကိုယ်စားလှယ် ၆၃၃ ဦး ဖိတ်ကြားခဲ့ရာ ကချင်ပြည်နယ်မှ ၄၁ ဦး၊ ကယားပြည်နယ်မှ ၁၉ ဦး၊ ကရင်ပြည်နယ်မှ ၂၆ ဦး၊ ချင်းပြည်နယ်မှ ၁၃ ဦး၊ စစ်ကိုင်းတိုင်းမှ ၆၁ ဦး၊ တနင်္သာရီတိုင်းမှ ၁၅ ဦး၊ ပဲခူးတိုင်းမှ ၅၀၊ မကွေးတိုင်းမှ ၄၄ ဦး၊ မန္တလေးတိုင်းမှ ၅၆ ဦး၊ မွန်ပြည်နယ်မှ ၃၇ ဦး၊ ရခိုင်ပြည်နယ်မှ ၃၆ ဦး၊ ရန်ကုန်တိုင်းမှ ၆၇ ဦး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ၄၆ ဦး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ၃၉ ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ၂၉ ဦး နှင့် ဧရာဝတီတိုင်းမှ ၅၄ ဦး အသီးသီးပါဝင်သည်။ ကိုယ်စားလှယ်အစုအဖွဲ့ရှစ်ဖွဲ့တွင် လူထုလူတန်းစား အလွှာစုံမှ ပါဝင်သည်။ အစုအဖွဲ့တိုင်းမှာလိုပင် တိုင်းရင်းသားလူမျိုးများ ပါဝင်နေသည်ကိုလည်း တွေ့ရသည်။ ညီလာခံကိုယ်စားလှယ်များတွင် ပညာရည်အားဖြင့် ပါရဂူဘွဲ့ရပြီးသူ ၁၅ ဦး၊ ဘွဲ့လွန်ရရှိပြီးသူ ၅၄ ဦး၊ ရိုးရိုးဘွဲ့ရသူ ၆၀၀၊ ဒီပလိုမာဘွဲ့နှင့် အထက်တန်းပညာအောင်မြင်ပြီးသူ ၂၈၀ စုစုပေါင်း ၉၄၉ ဦး ပါဝင်သဖြင့် ကိုယ်စားလှယ်အားလုံး၏ ၈၇ ဒသမ ၄ ရာခိုင်နှုန်းဖြစ်ပေသည်။ ကျန်ကိုယ်စားလှယ်များမှာ အတန်းပညာဖော်ပြထားခြင်းမရှိသော်လည်း စာတတ်၊ ပေတတ်၊ အတွေ့အကြုံဗဟုသုတကြွယ်ဝပြီး ဒေသက ကြည်ညိုလေးစားသည့် ပုဂ္ဂိုလ်များဖြစ်ကြသည်။ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ တိုင်းရင်းသားအရေး၊ စိုက်ပျိုးရေး စသည်ဖြင့် နယ်ပယ်စုံ အတွေ့အကြုံရင့်ကျက်သူများ ဖြစ်ကြသည်။

၂၀၀၄ ခုနှစ် မေ၊ ဇွန်၊ ဇူလိုင်လများအတွင်း ညီလာခံကိုယ်စားလှယ်များသည် အကြိမ်ကြိမ်အထပ်ထပ် ဝေဖန်ဆွေးနွေးညှိနှိုင်းကာ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ အကျေအလည် ဆွေးနွေးခဲ့ကြသည်။ ယခု ညီလာခံ ပြန်လည်ကျင်းပသောအခါ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ အတည်ပြုကြမည်ဖြစ်သည်။ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အသေးစိတ်အခြေခံရမည့်မူများ ရရှိအောင်လည်း ဆက်လက်ဆွေးနွေးညှိနှိုင်းကြမည် ဖြစ်သည်။

ယခု ဖေဖော်ဝါရီလ ၁၇ ရက်တွင် ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံအတွက် ကိုယ်စားလှယ်များ နေရေးထိုင်ရေး၊ သွားရေးလာရေး၊ ကျန်းမာသန့်ရှင်းရေး၊ ဖြေဖျော်ရေး၊ ကြိုဆိုနေရာချထားရေး၊ ကျွေးမွေးဧည့်ခံရေး၊ သက်သာချောင်ချိရေး၊ ဆက်သွယ်ရေး၊ အားကစားလှုပ်ရှားနိုင်ရေး အဆင်ပြေကောင်းမွန်အောင် ကြိုတင်ဆောင်ရွက်ထားပြီးဖြစ်ကြောင်းဖြင့် ၁-၂-၂၀၀၅ ရက်က ကျင်းပသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ(၁/၂၀၀၅)တွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူးနှင့် ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရှင်းလင်းပြောကြားခဲ့သည်။

ယခုအခါ အမျိုးသားညီလာခံကြီးတွင် အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာသုံးရပ်နှင့် ပတ်သက်၍ ဆွေးနွေးလျက်ရှိပေသည်။ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းရေးအတွက် တူညီသောသန္နိဋ္ဌာန်ဖြင့် ကိုယ်စားလှယ်များ အားကြိုးမာန်တက် အားထုတ်နေကြသည်ကို ပြည်သူတို့က သတိပြုမိကြပြီးဖြစ်သည်။ ဤအရေးပါသည့် အမျိုးသားညီလာခံကြီးအောင်မြင်စေရန် ပြည်သူတို့က ဘက်ပေါင်းစုံမှ ကူညီပံ့ပိုး ဖြည့်ဆည်းပေးနေသကဲ့သို့ အမျိုးသားညီလာခံကြီးကို ထိပါးနှောင့်ယှက်လိုသည့် ပြည်တွင်းပြည်ပ အဖျက်သမားများကိုလည်း ပြည်သူတို့က အလွတ်ပေးမည်မဟုတ်ချေ။ အဖျက်သမားမှန်သမျှ ပြည်သူက ချေမှုန်းမည်သာ ဖြစ်ပေသည်။

၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့က အာရှဒေသမှ နိုင်ငံအချို့တွင် ပင်လယ်ရေအောက် ငလျင်ကြောင့် ဖြစ်ပေါ်လာသော ဆူနာမီရေလှိုင်းကြီးများဒဏ်ကြောင့် လူသုံးသိန်းနီးပါး သေဆုံးခဲ့ရသည်။ မြို့ရွာ၊ အိုးအိမ်၊ တိုက်တာအဆောက်အအုံပျက်စီးမှုကလည်း အလွန်များပြားခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံ ဘန်ဒါအာချေးဒေသသည် လူအသေအပျောက် အများဆုံးဖြစ်သည်။ အင်ဒိုနီးရှားတစ်နိုင်ငံတည်းမှာပင် လူတစ်သိန်းရှစ်သောင်းခန့် သေဆုံးရသည်။ ထိုင်းနိုင်ငံတောင်ပိုင်း ဖူးကက်ဒေသ၊ အိန္ဒိယ၊ သီရိလင်္ကာ၊ မော်လဒိုက်နှင့် အာဖရိကတိုက်အရှေ့ဘက်ခြမ်းမှ ဆိုမာလီယာနိုင်ငံတို့တွင်လည်း အထိအခိုက်များလှသည်။

မြန်မာနိုင်ငံကား ဆူနာမီရေလှိုင်းကြောင့် လူသေဆုံးမှု၊ အိုးအိမ်ရပ်ရွာပျက်စီးမှု အနည်းဆုံးဖြစ်သည်။ ဆူနာမီဘေးသင့်သတင်းအများတွင် မြန်မာနိုင်ငံသတင်းကို ပြည်ပမီဒီယာများ၊ NGO အမည်ခံ သူတစ်ပါးပြည်တွင်းရေးဝင်ရောက်စွက်ဖက်ရန် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ၊ မြန်မာပြည်ပြေးများက ချဲ့ကားဖော်ပြခဲ့ကြသည်။ မြန်မာအစိုးရ ကြေညာသော အသေအပျောက်စာရင်းမှာ နည်းလွန်းသည်။ ထိုထက်မက သေဆုံးသည်၊ ပြည်ပက လာရောက်လှော့လာကူညီသည့်အဖွဲ့များကို မြန်မာအစိုးရက လက်မခံခဲ့ကြောင်းဖြင့် အဆိုပါပြည်ပမီဒီယာအချို့က မလိုတမာ လွှင့်ခဲ့ကြသည်။ ထို့ကြောင့် ဆူနာမီနှင့် မြန်မာနိုင်ငံသတင်းကို ကျွန်တော် အထူးဂရုပြု နားစွင့်နေခဲ့သည်။

ပြည်တွင်း ပြည်ပ ကောလာဟလများကား ပလူပျံနေခဲ့သည်။ ပင်လယ်ရေအောက်ကြမ်းပြင်တွင်လှုပ်သော ငလျင်ကြောင့် ပုံမှန်မဟုတ်သော သဘာဝလွန် ရေလှိုင်းကြီးများ ထကြွလာသည်ကို ငလျင်ရေလှိုင်းဟု ခေါ်ကြကာ ဂျပန်ဝေါဟာရဖြစ်သော ဆူနာမီ (Tsunami)ကိုယူ၍ သုံးကြ၏။ ဂျပန်စကားတွင် ဆူ Tsu မှာ ရေလှိုင်းဖြစ်သည်။ nami နာမီမှာ ဆိပ်ကမ်းဟူ၍ ဖြစ်သည်။ ဆိပ်ကမ်းပေါ်အထိ ထူးကဲစွာမြင့်တက်လာသော ရေလှိုင်းကို ဂျပန်တို့က ဆူနာမီဟု ခေါ်သည်။

၂၆-၁၂-၂၀၀၄ ရက်နေ့က မြောက်ဆူမတြားကျွန်း အနောက်ဘက် ပင်လယ်ပြင်တွင်ဖြစ်လာခဲ့သော မြေငလျင်ကြောင့် ရေလှိုင်းများ ကမ်းများပေါ်တက်ခဲ့သည့်သတင်းကို တိကျပြည့်စုံစွာ သိခွင့်ရကြရသည်။ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ (၁/၂၀၀၅)တွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦးတို့၏ ရှင်းလင်းပြောကြားချက်များကြောင့် မြန်မာနိုင်ငံနှင့် ဆူနာမီသတင်းကို ရှင်းရှင်းလင်းလင်း ပြည့်ပြည့်စုံစုံ သိလိုက်ကြရသည်။

ထိုဒီဇင်ဘာလ ၂၆ ရက်နေ့က မြောက်ဆူမတြားကျွန်း ဘန်ဒါအာချေးမြို့ အရှေ့တောင်ယွန်းယွန်း ၁၅၅ မိုင်ခန့်တွင် ပြင်းအား ရစ်ချ်တာစကေး ၉ ဒသမ ၀ အောက်ရှိ ရေအောက်ငလျင်လှုပ်ရှားခဲ့သည်။ နံနက် ၇ နာရီ ၃၂ မိနစ်တွင် မြန်မာနိုင်ငံသို့ ထိုငလျင်၏ ဂယက်ရိုက်ခတ်လာခဲ့သည်။ ယခုနှစ် ဇန်နဝါရီလ ၁၄ ရက်အထိ နောက်ဆက်တွဲငလျင် ၂၆၅ ကြိမ် လှုပ်ခဲ့သည်။

တက္ကသိုလ်မြတ်သူ

နိုင်ငံခြားရုပ်မြင်သံကြားသတင်းများတွင် မြင်ရသည့်အတိုင်း အာချေးဒေသတွင် အကြီးအကျယ်ပျက်စီးသည်။ သေဆုံးသူအရေအတွက်မှာ တစ်သိန်းရှစ်သောင်းအထိ ရှိလာသည်။ သီရိလင်္ကာနိုင်ငံတွင်လည်း ထိခိုက်သေဆုံးမှု ၃၈၀၀၀ ကျော် ရှိသည်။

နိုင်ငံတစ်ခု၊ ဒေသတစ်ခုတွင် သဘာဝဘေးအန္တရာယ် ကျရောက်လျှင် လူသားချင်းစာနာထောက်ထားစိတ်ဖြင့် နိုင်ငံအများက စေတနာဖြင့် ကူညီထောက်ထား ပံ့ပိုးလှူဒါန်းကြမြဲ ဖြစ်သည်။ ယခု ဆူနာမီဘေးဒုက္ခအတွက် ဒေါ်လာသန်း ထောင်ချီလှူသော နိုင်ငံ၊ ရာချီလှူသော နိုင်ငံ၊ ဒေါ်လာသန်းတစ်ရာအောက် တတ်အားသရွေ့ ငွေ၊ ဆေးဝါး၊ တည်ဆောက်ရေး၊ ရိက္ခာပစ္စည်း လှူလာကြသည့်နိုင်ငံများ တွေ့ရသည်။ အချို့နိုင်ငံများက အရပ်ဘက်က ကူညီကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ကူညီသည်။ နိုင်ငံအချို့က စစ်တပ်များ စေလွှတ်ကူညီသည်။ စစ်တပ်များ စေလွှတ်ကူညီရာ၌ လေယာဉ်ပျံတင် ရေယာဉ်ကြီးများကိုပင် စေလွှတ်ကြသည်။

အရပ်ဘက်ကယ်ဆယ်ရေးသမားများ အထူးသဖြင့် ကယ်ဆယ်ရေးရန်ပုံငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများကိုသာ ပေးပို့သင့်ကြပါလျက် စစ်အင်အားကြီးမားစွာ စေလွှတ်မှုရှိလာသောအခါ ဘေးအမြင်သာမက၊ ကယ်ဆယ်ရေးအမည်ခံ အဆိုပါစစ်တပ်များကို လက်ခံရသည့်နိုင်ငံကပင် စိုးရိမ်စိတ်ဝင်လာကြသည်ကို သတင်းများ၌ တွေ့ရသည်။ နိုင်ငံခြားစစ်တပ်များအနေဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ လျင်မြန်သွက်လက်စွာ လုပ်ဆောင်ပြီး မိမိတို့

ငလျင်နှင့်အတန်ငယ်နီးခဲ့သော ကိုကိုးကျွန်းတွင် ပျက်စီးဆုံးရှုံးမှု မရှိချေ။ မြန်မာနိုင်ငံတွင် ပျက်စီးဆုံးရှုံးမှုနည်းပါးရခြင်း၏ အကြောင်းရင်း သုံးရပ်မှာ–

(၁) ကိုကိုးကျွန်းမြောက်ပိုင်းမှ ရခိုင်ပြည်နယ်တောင်ပိုင်းအထိ မြေငလျင်လှုပ်ရှားမှုနည်းပါးသည့် ရေခံမြေခံ Seismic Gap ရှိနေသဖြင့် အင်အားပြင်း ငလျင်လှုပ်ရှားနိုင်မည့် အခွင့်အလမ်းနည်းပါးခြင်း၊

(၂) ငလျင်ရေလှိုင်းသက်ရောက်မှုမှာ အရှေ့အနောက်ဖြစ်ပြီး မြန်မာ့ကမ်းရိုးတန်းနှင့်ပြိုင်လျက် အနေအထားဖြစ်နေသည့်အပြင် မြိတ်ကျွန်းစုများမှ အတားအဆီးသဖွယ်ဖြစ်နေသောကြောင့် ငလျင်ရေလှိုင်းအား လျော့သွားခြင်း၊

(၃) ငလျင်ရေလှိုင်း ဖြတ်သန်းဖြစ်ပေါ်ရသည့် မြန်မာ့ကမ်းလွန်ပင်လယ်ကြမ်းခင်းနှင့် ပထဝီအနေအထားအရ ရေတိမ်ပိုင်းကို ၁၅ မိုင်မှ ၂၀ မိုင်အထိ ဖြတ်သန်းရ၍ ငလျင်ရေလှိုင်းအား ပျော့ခဲ့ရခြင်းတို့ကြောင့်ဖြစ်သည်။

မြန်မာနိုင်ငံက နိုင်ငံခြားသို့ ကယ်ဆယ်ကူညီရေးအတွက် မတောင်းခံရကောင်းလားဟုဆိုကာ မြန်မာနိုင်ငံကို ထိုးနှက်နေကျ ပြည်ပြေးများ၊ မီဒီယာများက မကျေမနပ် ပြောဆိုလွှင့်ထုတ်ခဲ့ကြသည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် အခင်းဖြစ်ပွားလျှင်ဖြစ်ပွားချင်း တာဝန်ရှိသူများ သွားရောက်ကြည့်ရှုကာ ကူညီကယ်ဆယ်ရေးလုပ်ခဲ့သည်။ ပြည်တွင်းစေတနာရှင်များ လှူသမျှ၊ နိုင်ငံတော်က ကျခံထည့်ဝင်သမျှ၊ ပြည်ပက စေတနာအလျောက် လှူဒါန်းသမျှ ငွေကြေးပစ္စည်းများကား မနည်းလှပေ။ ၂၈-၁-၂၀၀၅ ရက်အထိ လှူကြသမျှ ငွေနှင့်ပစ္စည်းစုံ တန်ဖိုးစုစုပေါင်းမှာ ကျပ်ငွေ သိန်း ၁၆၀ ခန့် ဖြစ်သည်။

အိန္ဒိယနိုင်ငံတွင် ဆူနာမီကြောင့် လူ ၁၅၀၀၀ ခန့် သေဆုံးသည်။ အိုးအိမ်များစွာ ပျက်စီးသည်။ အိန္ဒိယအစိုးရကလည်း ပြည်ပသို့ အကူ အလှူမခံ၊ အစိုးရကတာဝန်ယူပြီး ကူညီကယ်ဆယ် ထောက်ပံ့သည်။ အိမ်နီးချင်းနိုင်ငံများမှ ဒုက္ခသည်များအတွက်ပင် အိန္ဒိယအစိုးရက ကူညီလှူဒါန်းဦးမည်ဟု ဆိုသည်။

မြန်မာနိုင်ငံသည် ထူးခြားသော ပထဝီအနေအထားကောင်းရှိနေခြင်း၊ ရေလှိုင်းကို ကြံ့ကြံ့ခံနိုင်သည့် ဒီရေတောများရှိနေခြင်း၊ လူမနေသည့် ကျွန်းများဖြစ်ခြင်း၊ သန္တာကျောက်တန်းကျွန်းများ ရှိနေခြင်း၊ ငလျင်ပြင်းအားက အရှေ့မှ အနောက်သို့သွားပြီး မြန်မာနိုင်ငံက ထိုငလျင်ပြင်းကြော၏ မြောက်ဘက်တွင် ရှိနေ၍ ငလျင်က အားပြင်းပြင်း ဆန်တက်မလာခြင်းတို့ကြောင့်လည်း ဖြစ်သည်။

ယခုအခါ ကမ္ဘာ့နိုင်ငံများတွင် ဆူနာမီအန္တရာယ် ကြိုတင်သတိပေးစနစ်များ ချမှတ်ကျင့်သုံးရန် ပြင်ဆင်လာကြသည်။ မြန်မာနိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တော်နှင့် တရုတ်နိုင်ငံ ပေကျင်းမြို့တော်တို့တွင် ကျင်းပခဲ့သည့် ဆူနာမီဘေးသင့်မှု ကယ်ဆယ်ကူညီရေးဆွေးနွေးပွဲ၊ ဆူနာမီရေလှိုင်း အလုပ်ရုံဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့သည်။ မြန်မာနိုင်ငံ၏ သတင်းအချက်အလက်များ တင်ပြခဲ့သည်။ မြန်မာနိုင်ငံတွင် ဆူနာမီအန္တရာယ် ကြိုတင်သိရှိ ကာကွယ်နိုင်ရေးအတွက် အစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ပညာပေး

ယခုအခါ အမျိုးသားညီလာခံကြီးတွင် အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာသုံးရပ်နှင့်ပတ်သက်၍ ဆွေးနွေးလျက်ရှိပေသည်။ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းရေးအတွက် တူညီသော သန္နိဋ္ဌာန်ဖြင့် ကိုယ်စားလှယ်များ အားကြိုးမာန်တက် အားထုတ်နေကြသည်ကို ပြည်သူတို့က သတိပြုမိကြပြီး ဖြစ်သည်။ ဤအရေးပါသည့် အမျိုးသားညီလာခံကြီး အောင်မြင်စေရန် ပြည်သူတို့က ဘက်ပေါင်းစုံမှ ကူညီပံ့ပိုး ဖြည့်ဆည်းပေးနေသကဲ့သို့ အမျိုးသားညီလာခံကြီးကို ထိပါးနှောင့်ယှက်လိုသည့် ပြည်တွင်းပြည်ပ အဖျက်သမားများကိုလည်း ပြည်သူတို့က အလွတ်ပေးမည်မဟုတ်ချေ။ အဖျက်သမားမှန်သမျှ ပြည်သူက ချေမှုန်းမည်သာ ဖြစ်ပေသည်။

နိုင်ငံမှ မတ်လ ၂၆ ရက် နောက်ဆုံးထား ပြန်ထွက်သွားကြပါဟု ပြောလာသံများ ကြားရသည်။ ကူညီကယ်ဆယ်ရန်လာသည်ဆိုသော အနောက်မှ စစ်ဘက်ဆိုင်ရာများသည် ဒေသအတွင်းရှိ မလက္ကာရေလက်ကြားကို အာရုံစိုက်လေ့လာနေသည်ကို သတိပြုမိပြီး သတိပေးစကားပြောသံများ ကြားလာရသည်။ မူလက ပဋိပက္ခပြဿနာရှိသော ဒေသများသို့ ကယ်ဆယ်ရေးအကြောင်းပြပြီး ဝင်ရောက်စွက်ဖက် ခြေရှုပ်မည်ကို စိုးရိမ်ကြသည်ကိုလည်း သတိထားမိသည်။

ဆူနာမီလှိုင်းသည် ပေ ၅၀ မှ ၁၀၀ အထိမြင့်တက်ကာ ကုန်းတွင်း ပေ ၃၀၀၀ ကျော်အထိ ဝင်ရောက်လွှမ်းမိုးတတ်သည်။ ဒီဇင်ဘာလ ၂၆ ရက်နေ့ ငလျင်ဆူနာမီသည် မြန်မာ့ကမ်းပေါ်သို့ အမြင့် ၃ ပေမှ ၇ ပေအထိရှိသော ရေလှိုင်းအဖြစ်သာ တက်ရောက်ခဲ့သည်။

ငလျင်လှိုင်းကြောင့် ရခိုင်ပြည်နယ်တွင် မြေပုံ၊ ကျောက်ဖြူ၊ ဧရာဝတီတိုင်းတွင် ပြင်စလူ၊ လပွတ္တာ၊ ငပုတော၊ ကိုင်းတောင်၊ တနင်္သာရီတိုင်းတွင် ပုလုံးတုံးတုံဒေသများတွင်သာ ထိခိုက်ပြီး အဆောက်အအုံအချို့ ပျက်စီးခဲ့ရသည်။ ဧရာဝတီတိုင်းတွင် လူ ၃၁ ဦးသေဆုံးကာ၊ ၄၁ ဦး ဒဏ်ရာရသည်။ အိမ်ခြေ ၅၁၇ အိမ်ပျက်စီးသဖြင့် လူပေါင်း ၂၁၄၅ ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ရသည်။ တနင်္သာရီတိုင်းတွင် လူရှစ်ဦးသေဆုံးကာ၊ တစ်ဦးသာ ဒဏ်ရာရရှိပြီး ၈၃ အိမ် ပျက်စီးသောကြောင့် လူ ၄၄၇ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ရသည်။ ရခိုင်ပြည်နယ်တွင် ၂၂ ဦး သေဆုံးခဲ့သည်။ အိုးအိမ်ပျက်စီးမှု မရှိချေ။ ရန်ကုန်တိုင်းတွင် အိမ်တစ်လုံးသာ ပျက်စီးခဲ့သည်။ ဆူနာမီဘေးကြောင့် မြန်မာနိုင်ငံတွင် သေဆုံးသူပေါင်း ၆၁ ဦး၊ ဒဏ်ရာရသူ ၄၂ ဦး၊ အိမ်ခြေ ၆၀၁ အိမ် ပျက်စီးကာ လူ ၂၅၉၂ ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ရသည်။ ဆုံးရှုံးမှုတန်ဖိုးပေါင်းမှာ ကျပ်ငွေ ၁၅၈၅ ဒသမ ၅၆ သန်းခန့်ရှိသည်။

လှုံ့ဆော်လျက်ရှိသည်။ အချိန်အခါမဟုတ်ဘဲ ပင်လယ်ရေမျက်နှာပြင် ရုတ်တရက်ကျဆင်းသွားလျှင် ဆူနာမီအန္တရာယ်ရှိနိုင်သည်ဟု သတိပြုမိကြရန် လိုအပ်သည်။ ဒီဇင်ဘာလ ၂၆ ရက် ငလျင်ကာလတွင် ရေမျက်နှာပြင် နိမ့်ကျသွားသည်ကို တွေ့ရှိနိုင်ခဲ့သည်။

ပြည်တွင်းပြည်ပ အဖျက်သမားများသည် ၎င်းတို့ကိုယ်ကျိုးအတွက် အချုပ်အခြာ အာဏာပိုင်လွတ်လပ်သော မြန်မာနိုင်ငံ၏ အေးချမ်းတည်ငြိမ်မှု၊ ဘက်စုံဖွံ့ဖြိုးလာမှုများကို မရှုဆိတ်နိုင်ဘဲ ဆီလိုရေလို အပေါက်ရှာပြီး စွပ်စွဲပုတ်ခတ်ချက်များဖြင့် ထိုးနှက်နေကြပေသည်။ အမျိုးသားညီလာခံကျင်းပသည်ကို ဒီမိုကရေစီစနစ် ခင်းကျင်းဖော်ဆောင်နေပါလားဟု အကောင်းမမြင်ဘဲ ဖျက်ရန်ကြံကြသည်။ ဆူနာမီသတင်းကိုမှီပြီး နိုင်ငံ၏ ပြည်တွင်းရေးဝင်စွက်ရန် မလိုတမာဝါဒဖြန့် မှိုင်းတိုက် ဘောတီးကြသည်။

ဒီမိုကရေစီစကား၊ လူ့အခွင့်အရေးစကား တွင်တွင်ပြောပြီး ပြည်သူတို့၏ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီတည်ဆောက်မှုကို နှောင့်ယှက်၊ ပြည်သူလူထု အေးချမ်းစွာမနေရအောင် အကြမ်းဖက် ဗုံးခွဲတိုက်ခိုက်သော လုပ်ရပ်ကိုသာ လုပ်ကြသည့် ပြည်တွင်းပြည်ပအဖျက်သမားတို့၏ လတ်တလော အဖျက်အမှောင့် လုပ်ရပ်များကို သတင်းစာရှင်းလင်းပွဲ (၁/၂၀၀၅)တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ရှင်းပြသွားခဲ့သည်။

မြန်မာ့ပြည်တွင်းရေး ဝင်ရောက်နှောင့်ယှက်သော နိုင်ငံခြားသားများ၏ လုပ်ရပ်များကို ကျွန်တော်တို့ အကြိမ်ကြိမ်တွေ့ခဲ့ဖူးပြီ။ ၇-၁-၂၀၀၅ ရက်က အမေရိကန်နိုင်ငံသား ဂျိုးဇက်သီယိုဒိုးမှိုင်နာဟန် (၈၂)နှစ်က ရန်ကုန်မြို့လယ်တွင် တစ်ကိုယ်တော်ဆန္ဒပြကာ

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

မြတ်တံခွန်စာသင်တိုက်ဖွင့်ပွဲ ရေစက်ချအလှူတော်မင်္ဂလာကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ဗဟန်းမြို့နယ် ငါးထပ်ကြီးမြောက်ပိုင်းရပ်ကွက်ရှိ မြတ်တံခွန်စာသင်တိုက် ဖွင့်ပွဲနှင့် ကျောင်းရေစက်ချအလှူမင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က အဆိုပါ မြတ်တံခွန်ကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရက်မြို့ အောင်မင်္ဂလာစာသင်တိုက် ဆရာတော် ဘဒ္ဒန္တကောသလ္လ အမှူးပြုသော ပင့်သံဃာတော်များနှင့် မြတ်တံခွန်စာသင်တိုက်ဆရာတော် သာသနဓဇ ဓမ္မာစရိယ ဘဒ္ဒန္တတေဇဝန္တနှင့် စာသင်သားသံဃာတော်များ ကြွရောက် ချီးမြှင့်တော်မူပြီး ကျောင်းအလှူရှင် သီလရှင်ဆရာကြီး ဒေါ်ပဝရကာမီနှင့် တပည့် ဒါယကာ ဒါယိကာမများ တတ်ရောက်ကြည်ညို ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး သရက်မြို့ အောင်မင်္ဂလာစာသင်တိုက်ဆရာတော် ဘဒ္ဒန္တကောသလ္လက အနုမောဒနာတရား ချီးမြှင့်တော်မူကာ လှူဒါန်းမှု အစုစု အတွက် ရေစက်သွန်းချအမျှပေးဝေကြကြောင်း သိရသည်။

(က-ပ)

အလက(၃)ဒဂုံ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်း (စိန်ပက်ထရစ်)၏ ၁၉၆၇ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ ကျောင်းသားကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် ၁၉၈၀ ပြည့်နှစ်မှ ၂၀၀၄ ခုနှစ်အထိ သက်ပြည့်အငြိမ်းစား ကျောင်းအုပ်ကြီးများ ထက်၊လယ်၊မူ ဆရာများနှင့် ရုံးဝန်ထမ်းများပူဇော်ပွဲကို လာမည့် ဧပြီ ၃ ရက် နံနက် ၉ နာရီတွင် ကျောင်းဝင်း မိသားစုခန်းမကြီး၌ ကျင်းပရန် စီစဉ်ထားသည်။

အလှူငွေများကို ဦးဝေလင်း ဖုန်း- ၅၄၅၉၁၀၊ ဆရာမကြီး ဒေါ်ချိုချို ဆက် ဖုန်း-၇၀၅၄၇၆၊လက်ရှိ ဆရာကြီး ဦးစံဖေ ဖုန်း-၃၈၁၄၄၁၊ ဆရာကြီး ဦးသန်းရွှေ သထပ၊ ဒုပသ(ရန်ကုန်) ဌာနစု(၁)ဆွမ်း၊ကွမ်း ဖုန်း-၆၆၂၁၄၈၊ လက်ရှိ ဆရာမကြီး ဒေါ်ခင်ဝင်းနှင့် ကျောင်းသူဟောင်း ဆရာမ ဒေါ်လှလှဝင်း ဖုန်း-၂၈၉၃၂၆၊ ဒေါ်စန်းရီ အထက(၁) ပန်းဘဲတန်း၊ ဒေါ်စိန်စိန်မြင့်၊ အထက-၁၊လသာ၊ ဦးမြင့်လွင် (အတူး၊ရွှေပဲဆီသန့်)ဖုန်း- ၆၈၄၆၇၈၊ ကိုဇင်မောင်တူး (သိပ္ပံမဂ္ဂဇင်း)ဖုန်း- ၀၉-၈၀၂၁၈၂၉၊ ၆၆၀၇၀၈၊ ကိုသန်းလင်းအောင် (မင်္ဂလာဈေး) ဖုန်း- ၇၂၇၈၂၄၊ဆရာဝန်ကြီးဦးအောင်ကြည် (ဦးနှောက်နှင့် အာရုံကြောဆေးရုံကြီး) ဖုန်း-၀၉-၈၀၂၁၂၇၊ ၃၈၃၄၈၁၊ အရိုးကု ဆရာဝန်ကြီး ဦးသက်ဦး (မ/ဥက္ကလာပဆေးရုံကြီး) ဖုန်း- ၃၇၉၅၈၇၊ ဗိုလ်မှူးတက်တိုးနိုင်း (ငြိမ်း) ဖုန်း-၇၀၇၀၇၀၊ ကိုကျော်စိန် (မောင်ကောင်း) ဖုန်း-၀၉-၅၀၀၆၈၁၊ ကိုခင်ဇော်(ဘိုးဘိုးအောင် ဖုန်း-၀၉-၉၉ ၂၇၈၂၁၊ကိုထွန်းအေး (ဒဂုံစင်တာ) ဖုန်း-၀၉-၉၉ ၂၃၅၉၈၊ ကိုခင်မောင်အုန်း (သာသနာရေးဦးစီးဌာန) ၆၆၀၅၁၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

စာမျက်နှာ ၆ မှ

အလုပ်သမားကိုယ်စားလှယ်

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့က "ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းလိုက်သည့် ဥပဒေသည် သာမန်အားဖြင့် နိုင်ငံတော်တစ်ဝန်းလုံးမှာ အာဏာသက်ရောက်မှုရှိရမှာဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းလိုက်သည့်ဥပဒေများသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း အာဏာသက်ရောက်မှုရှိရမှာ ဖြစ်သကဲ့သို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များက ပြဋ္ဌာန်းလိုက်သည့် ဥပဒေများမှာဆိုရင်လည်း သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း အာဏာသက်ရောက်မှု ရှိရမှာဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ ဥပဒေပြုခွင့်ရှိသည့် အဖွဲ့အစည်းများက ပြဋ္ဌာန်းလိုက်သည့် ဥပဒေများသည် အဆင့်မြင့်သည့်လွှတ်တော်များက ပြဋ္ဌာန်းသည့် ဥပဒေများနှင့် ဆန့်ကျင်မှုရှိရင် အဆင့်မြင့်သည့် လွှတ်တော်များက ပြဋ္ဌာန်းသော ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီသာ ကျင့်သုံးကြရမှာ ဖြစ်သည့်အတွက် လွှတ်တော်အဆင့်ဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့် ဥပဒေများ၏ အကျိုးသက်ရောက်မှုနှင့် စပ်လျဉ်းသည့် အချက်ငါးချက်ကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း"ဖြင့် ဆွေးနွေးတင်ပြသွားပါကြောင်း။

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့က "မိမိတို့ပြည်ထောင်စုကြီးသည် တိုင်းရင်းသားလူမျိုးများ၏ ပြည်ထောင်စုကြီးဖြစ်ကြောင်း၊ အခုလိုပြည်နယ်လွှတ်တော်များ၊ တိုင်းဒေသကြီးလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ သတ်မှတ်ပေးထားခြင်း၊ ယင်းပြည်ထောင်စု၏ အစိတ်အပိုင်းများဖြစ်သည့် တိုင်းရင်းသားဒေသများကို ဥပဒေပြုခွင့်အာဏာ ခွဲဝေအပ်နှင်းခြင်းတို့ကိုကြည့်ရင် သိနိုင်ပါကြောင်း။

ယင်းကဲ့သို့ ဥပဒေပြဋ္ဌာန်းပိုင်ခွင့်များကို အခြေခံဥပဒေနှင့်အညီ ကျင့်သုံးရာတွင် တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလိုတော့ မဖြစ်သင့်ပါကြောင်း၊ ဥပဒေများကို ပြဋ္ဌာန်းရာ၌ တိုင်းရင်းသားပြည်သူများ ဥပဒေအရာညီတူညီမျှ အကျိုးခံစားခွင့်ကို မထိခိုက်စေသင့်ပါကြောင်း၊ မိမိတို့ဒေသအတွက်အကောင်းဆုံးဟုယူဆပြီး ဥပဒေတစ်ခုပြဋ္ဌာန်းလိုက်ရာ၌ အဆင့်မြင့် ဥပဒေပြု အဖွဲ့အစည်းများက ပြဋ္ဌာန်းသည့်ဥပဒေများနှင့် ဆန့်ကျင်မှုရှိပါက အဆင့်မြင့် ဥပဒေပြုအဖွဲ့အစည်းများက ပြဋ္ဌာန်းသောဥပဒေကို လိုက်နာကျင့်သုံးရန် လိုအပ်မှာဖြစ်ပါကြောင်း၊ ထို့ကြောင့် လွှတ်တော်အဆင့်ဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့်ဥပဒေများ၏ အကျိုးသက်ရောက်မှုနှင့် စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သင့်ပါကြောင်း"ဖြင့် ဆွေးနွေးတင်ပြသွားပါကြောင်း။

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့က "လွှတ်တော်အဆင့်ဆင့်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့်ဥပဒေများ၏ အကျိုးသက်ရောက်မှုများနှင့် စပ်လျဉ်းပြီး တင်ပြလိုပါကြောင်း၊ အထက်ဖော်ပြပါ ဥပဒေပြုအဖွဲ့အစည်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါအနှစ်သာရများနှင့်အညီ အပ်နှင်းထားသော ဥပဒေပြုခွင့် အာဏာများအရ ဥပဒေများပြဋ္ဌာန်းကြရာ၌ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဖြစ်နေကြမည်ဆိုပါက ပြည်သူများသည် ဥပဒေအရာတွင် ညီတူညီမျှအကျိုးခံစားခွင့် ရရှိနိုင်မှာမဟုတ်ကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုလည်း အနည်းနှင့်အများထိခိုက်နိုင်မှာဖြစ်ခြင်းတို့ ဖြစ်ပေါ်နိုင်ပါကြောင်း။

ထို့ကြောင့် ဥပဒေပြုခွင့်ရှိသည့် အဖွဲ့အစည်းများက ပြဋ္ဌာန်းလိုက်သည့် ဥပဒေများသည် အဆင့်မြင့်သောလွှတ်တော်များက ပြဋ္ဌာန်းသည့်ဥပဒေများနှင့် ဆန့်ကျင်မှုရှိရင် အဆင့်မြင့်လွှတ်တော်များက ပြဋ္ဌာန်းသည့်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီသာ ကျင့်သုံးကြမှသာလျှင် ပြည်သူများသည် ဥပဒေ၏အကျိုးကို တစ်ပြေးညီ ခံစားနိုင်ကြမှာဖြစ်ပါကြောင်း၊ ထို့အပြင် လက်ရှိကျင့်သုံးနေဆဲဖြစ်သည့် တည်ဆဲဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြဋ္ဌာန်းပြီးသည့်နောက်ပိုင်း ပြည်သူ့လွှတ်တော်ကပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် မဆန့်ကျင်နေသမျှ အတည်ဖြစ်နေမှသာ နိုင်ငံတော်၏ယန္တရားသည် ဥပဒေနှင့်အညီ စဉ်ဆက်မပြတ်ချောမောစွာဆက်လက်လည်ပတ်နိုင်မည် ဖြစ်ပါကြောင်း။

ထို့ကြောင့် လွှတ်တော်အဆင့်ဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့်ဥပဒေများ၏အကျိုးသက်ရောက်မှုနှင့် စပ်လျဉ်းသည့် အချက်ငါးချက်ကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း"ဖြင့် ဆွေးနွေးတင်ပြသွားပါကြောင်း။

အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့က "လွှတ်တော်အဆင့်ဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့် ဥပဒေများ၏ အကျိုးသက်ရောက်မှုနှင့် ပတ်သက်၍ အမျိုးသားညီလာခံ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်များအပေါ် မိမိတို့အစုအဖွဲ့ ကိုယ်စားလှယ်များအားလုံးက ပြင်ဆင်ဖြည့်စွက်ရန် မရှိကြောင်းနှင့် ထောက်ခံကြောင်းတင်ပြအပ်ပါသည်ဟု ဆွေးနွေးတင်ပြသွားပါကြောင်း"ဖြင့် ကောက်နုတ်တင်ပြသွားသည်။

ဖေဖော်ဝါရီ ၂၇ ရက်ထုတ် သတင်းစာများ၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ် အခြေခံရမည့် မူများချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျ သဘာပတိအဖွဲ့၏ အဖွဲ့ဝင် အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးသိန်းဦးဘိုးစော၏ **"ဘဏ္ဍာရေး ကော်မရှင်ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား အခွန်တော်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်း"**နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်အပြည့်အစုံကို ဆက်လက်ဖော်ပြသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ပရိယတ္တိ သာသနပါလစာမေးပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် သံဃနာယကအဖွဲ့၏ ကြီးကြပ်မှုနှင့် ဥပဋ္ဌာကအဖွဲ့က ဦးစီး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် သတ္တမအကြိမ်မြောက် ရပ်ကွက်လုံးဆိုင်ရာ ပရိယတ္တိ သာသနပါလစာမေးပွဲကို ရပ်ကွက်အတွင်းရှိ ကျောင်း ၁၀ ကျောင်းမှ စာဖြေသံဃာ ၁၆၉ပါးတို့က မတ် ၁၁ ရက်မှ ၁၇ ရက်အထိ အမက-၂၆ ကျောင်းတွင် ပါဝင်ဖြေဆိုတော်မူသွားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

စာမျက်နှာ ၁၀ ဆောင်းပါးမှ အဆက်

ဆူပူမှုဖန်တီးရန် အားထုတ်ခဲ့သည်။ နိုင်ငံတော်က ၎င်း၏ အသက်အရွယ်ကြီးရင့်မှုကို ငဲ့ပြီး သဘောထားကြီးစွာ ပြည်ပသို့ ပြန်လည်ထွက်ခွာသွားစေခဲ့သည်။

ယခင်ကလည်း အမေရိကန်အချို့ လာရောက်ဆန္ဒပြ လှုံ့ဆော်သွေးတိုးစမ်းခဲ့ကြဖူး၏။ ထိုဆူပူမှု ဖန်တီးမှုမျိုးကို အနောက်နိုင်ငံများတွင် ပြည်ပြေးနှင့် ကြေးစားနိုင်ငံခြားသားများဖြင့် ဖွဲ့စည်းထားသည့် USCB ခေါ် မြန်မာနိုင်ငံအပေါ် အမေရိကန်တိုက်ပွဲဝင်အဖွဲ့၊ FBC ခေါ် မြန်မာနိုင်ငံ လွတ်လပ်သော ညွန့်ပေါင်းအဖွဲ့ စသည်တို့ဖြစ်သည်။ ယင်းအဖွဲ့များ၌ အနောက်နိုင်ငံများတွင် နိုင်ငံသားခံယူထားသော မြန်မာနိုင်ငံသားဟောင်း ပြည်ပြေးများ၊ အမျိုးသားသစ္စာဖောက်များ ပါဝင်ကြသည်။

နယ်စပ်ရှိ NDD ရုံး (အမျိုးသားဒီမိုကရေစီဖွံ့ဖြိုးတိုးတက်မှုကော်မတီ)၊ NLD (LA)အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ)၊ စွမ်းအားမြင့် ကျောင်းသားစစ်သည်တော်အဖွဲ့၊ ဗကသ၊ လူ့ဘောင်သစ်၊ NCGUB ခေါ် မြန်မာနိုင်ငံ ညွန့်ပေါင်းအစိုးရ၊ လွတ်လပ်သော မြန်မာအလုပ်သမားသမဂ္ဂ FTUB စသည်တို့သည် အဖျက်သင်တန်း၊ အကြမ်းဖက်သင်တန်း၊ ဖောက်ခွဲသင်တန်းများပေးပြီး မြန်မာနိုင်ငံတွင်းသို့ ဗုံးခွဲ၊ ဗုံးထောင်၊ လူသတ်မည့်သူများ၊ မီးရှို့ဖျက်ဆီးမည့်သူ (အထူးသဖြင့် ကြေးစားအကြမ်းဖက်သမား)များကို စေလွှတ်နေခဲ့သည်မှာလည်း ကြာတောင့်ကြာလှပေပြီ။ ဖောက်ခွဲဖျက်ဆီးရေးအတွက် နယ်စပ်တွင်ဖွင့်လှစ်သည့် သင်တန်းများမှ သင်တန်းဆရာများကား အနောက်နိုင်ငံသားကြီးများ ဖြစ်ပေသည်။ ၎င်းတို့သည် အထူးသဖြင့် အကြမ်းဖက် ဖောက်ခွဲရေး လူသတ်မီးရှို့သင်တန်းများပေးရာ၌ ထူးချွန်သော ဆရာကြီးများ ဖြစ်ပေသည်။

စွမ်းအားမြင့် ကျောင်းသားစစ်သည်တော်အဖွဲ့ဆိုသည်မှာ ဗန်ကောက်ရှိ မြန်မာသံရုံး၊ ရပ်ချဘူရီရှိ ထိုင်းအရပ်ဘက်ဆေးရုံတို့ကို အပိုင်စီး အကြမ်းဖက်ခဲ့သည့် အဖွဲ့၊ ထိုင်းလေယာဉ်၊ မြန်မာလေယာဉ်တို့ကို ပြန်ပေးဆွဲခဲ့သည့်အဖွဲ့ပင် ဖြစ်သည်။

၆-၁-၂၀၀၅ ရက် နံနက် ၆ နာရီ မိနစ် ၄၀ တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မင်းရပ် ရပ်ကွက် ရတနာလမ်းရှိ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အနောက်ဘက်လမ်းကြား၌ လက်လုပ် မီးရှို့မိုင်းခွဲခဲ့သည်။ သေဆုံးထိခိုက်ဆုံးရှုံးမှု မရှိ။

၂၇-၁-၂၀၀၅ ရက် နံနက် ၆ နာရီ မိနစ် ၄၀ တွင် တနင်္သာရီတိုင်း ထားဝယ်မြို့ အဝေးပြေးကားဂိတ် အဝင်ပေါက်ဂိတ်တဲ အနောက်ဘက်အုတ်နံရံအတွင်း မိုင်းတစ်လုံးကွဲသည်။ နံနက် ၇ နာရီတွင် အဆိုပါဂိတ်ထွက်ပေါက် ဂိတ်တဲ အနောက်ဘက် အုတ်နံရံအတွင်းကပ်ပြီး ဒုတိယ မိုင်းဗုံးကွဲသည်။ အုတ်နံရံများ အပေါက်ဖြစ်သွားခဲ့သည်။ ၂၄-၁၂-၂၀၀၄ ရက်က ရန်ကုန် ဗိုလ်ချုပ်လမ်းရှိ ဇော်ဂျီစားသောက်ဆိုင် ဗုံးကွဲမှုမှာ ၎င်းတို့လက်ချက်ဟု စွမ်းအားမြင့် ကျောင်းသားစစ်သည်တော်အဖွဲ့က ကြေညာထားသည်။

မြန်မာနိုင်ငံ ရွေးကောက်ပွဲကော်မရှင်သို့ သက်ဆိုင်ရာ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဥက္ကဋ္ဌထံမှ ပါတီကိုယ်စားပြု အမတ်စာရင်းမှ ပယ်ဖျက်ပေးရန် တင်ပြခဲ့၍ ကော်မရှင်က မန္တလေးဘက်တွင် စင်ပြိုင်အစိုးရဖွဲ့ရန် အားထုတ်သဖြင့် အမတ်အဖြစ်မှ ပယ်ဖျက်ခဲ့သော အမတ်ပြုတ်တစ်စုကို စိန်ဝင်းက ခေါင်းဆောင်ကာ နယ်စပ်မှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ ထွက်ပြေးခဲ့သည့် ပြည်ပြေးများသည် စင်ပြိုင်အစိုးရ NCGUB ကို ဖွဲ့ခဲ့သည်။ ၎င်းတို့သည် ပြစ်မှုဥပဒေပုဒ်မ ၁၂၁ ကို ကျူးလွန်၍ သေဒဏ်ထိုက်သင့်သော နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု တရားခံပြေး ပြည်ပြေး(ဝါ) ဝရမ်းပြေးများ ဖြစ်သည်။

အနောက်က ၎င်းတို့အား အရူးဘုံမြှောက်ပြီး NCGUB ဝန်ကြီးချုပ် ဦးစိန်ဝင်းဟု ပွဲထုတ်အသုံးချခဲ့သည်။ စိန်ဝင်း၏ ပြည်ပြေးရုံးသည် ဝါရှင်တန်တွင် ရှိသည်။ စိန်ဝင်းက ပြည်သစ်ညွန့်ဝေ(ခ) မောင်မောင်ကို တစ်ဖက်နိုင်ငံ၌ အခြေစိုက်လှုပ်ရှားနိုင်ရန် ဂြိုဟ်တုဆက်သွယ်ရေး တယ်လီဖုန်းနှင့် ဒေါ်လာများ ပို့ပေးခဲ့သည်။ ပြည်သစ်ညွန့်ဝေသည် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်း ကော်ပိုရေးရှင်းမှ ဝန်ထမ်းဟောင်း ဖြစ်သည်။ ဌာနပိုင်ငွေကြေးများ သုံးပြီး ထွက်ပြေးကာ လွတ်လပ်သောမြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂဟူ၍ ဖွဲ့စည်းဦးဆောင်ပြီး မြန်မာနိုင်ငံကို နှောင့်ယှက်ဖျက်ဆီးနေသူ ဖြစ်သည်။ ယခုအခါ ၎င်းတို့အဖွဲ့ ပြည်ပအထောက်အပံ့မရစေရန် စိန်ဝင်းက လုပ်သည်ဟုဆိုကာ မောင်မောင်က NCGUB စင်ပြိုင် ထပ်ထောင်ပြီး ပြည်ပြေးဝန်ကြီးချုပ်ဖြစ်ရန် လာဘ်ထိုး စည်းရုံးနေသည်။ ပြည်ပြေးချင်း စားခွက်လုပွဲ၏ သရုပ်ပင်ဖြစ်သည်။ ထိုအဖျက်သမားများသည် မြန်မာနိုင်ငံအပေါ် မည်သို့ပင် မလိုမုန်းထားကာ မကောင်းအကြံဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို နှောင့်ယှက်ဖျက်ဆီးရန် ကြိုးပမ်းကြစေကာမူ ပြည်သူ့သဘောထားလေးရပ်တွင် ပြည်တွင်းပြည်ပ အဖျက်သမားများကို ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းမည်ဟု ဖော်ပြချက်နှင့်အညီ မြန်မာပြည်သူတစ်ရပ်လုံးက အဖျက်သမားမှန်သမျှကို ဆက်လက်တိုက်ဖျက်ချေမှုန်းသွားရန် ကြေညာပြဋ္ဌာန်း သန္နိဋ္ဌာန်ချထားပြီး ဖြစ်ကြောင်းပါခင်ဗျား။ ။

ဆုချီးမြှင့်

တာမွေမြို့နယ် အမှတ်(၁၇) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၉ ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမရရှိသူ မောင်အောင်ကျော်မျိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ထွေးထွေးရင်က ဆုချီးမြှင့်စဉ်။ (က-ပ)

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင်မိုင်၃၀ တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေး ညှိနှိုင်းအစည်းအဝေး၌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် မိုင်၃၀ပတ်လည် တစ်နှစ်ပတ်လုံးစိမ်းလန်းစိုပြည်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၃ရက် မွန်းလွဲ ၁နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် အမှတ်(၃)လမ်းမကြီးဘေးရှိ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှု သင်တန်း ကျောင်းခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

ရှင်းလင်းမှာကြား

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် မိုင်၃၀ပတ်လည် တစ်နှစ်ပတ်လုံးစိမ်းလန်းစိုပြည်ရေးအတွက် မိုးစပါး၊နွေစပါး၊ပဲမျိုးစုံ၊ ဆောင်းသီးနှံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် အခြားစီးပွားဖြစ် သီးနှံများ ၁၂လရာသီ စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိရာ ၂၀၀၃ခုနှစ် ဧပြီ ၁၈ရက်မှ စတင်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်လေယာဉ်အတက်အဆင်းလမ်းကြောင်းတစ်လျှောက် ဇုန်ငါးဇုန်ခွဲဝေသတ်မှတ်၍ဆောင်ရွက်လျက်ရှိကြောင်း၊ ဇုန်ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများသည် ဒေသခံတောင်သူလယ်သမားများနှင့်ပူးပေါင်း၍စိတ်စေတနာအပြည့်အဝထားကာ ဆောင်ရွက်ကြရန် ရှင်းလင်းမှာကြားသည်။

ထို့နောက် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် မိုင်၃၀ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေး၊ ဇုန်နယ်မြေ(၁)ဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့်တာဝန်ရှိသူများကဇုန်များအလိုက်ကွက်လပ်မကျန်စိုက်ပျိုးနိုင်ရေးစီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

လိုက်လံရှင်းလင်းပြသ

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် မင်္ဂလာဒုံမြို့နယ် အမှတ်(၃)လမ်းမကြီးနှင့်မြို့ပတ်လမ်းမကြီးတို့ကို ဆက်သွယ်ထားသည့် ကွန်ကရစ်လမ်းမကြီး ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း၊ လှည်းကူးမြို့နယ် မလစ်ကျေးရွာအုပ်စုအနီးရှိ နွေစပါးအထူးဇုန်ကေ၅၀၀အတွင်းနွေစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့်အခြေအနေ(**အပေါ်ပုံ**) နွေစပါးခင်း ပေါင်များတစ်လျှောက် စားပင်သီးပင်များ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည်ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်လေယာဉ်အတက်အဆင်း လေယာဉ်ဝမ်းဗိုက်အောက်လယ်မြေများအတွင်း နွေစပါးစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုများကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ပသာသနာပြုရဟန်းတော်များ သာသနာပြုခရီးကြွရောက်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၏ ပြည်ပသာသနာပြုရဟန်းတော်များ သင်တန်းအမှတ်စဉ်(၁)ကို ၂၀၀၀-၂၀၀၂ ပညာသင်နှစ်၌ အောင်မြင်စွာ ဖွင့်လှစ်ခဲ့၍ ထူးချွန်သော ရဟန်းတော်များကို နယူးဇီလန်နိုင်ငံသို့ နှစ်ပါး၊ အမေရိကန်နိုင်ငံသို့ နှစ်ပါး သာသနာပြုရန် စေလွှတ်ခဲ့ပြီး "ယွမ်ကောင်း"ဗုဒ္ဓတက္ကသိုလ်တွင် ပညာဆည်းပူးရန် လေးပါး စေလွှတ်ခဲ့ကြောင်း သိရသည်။

၂၀၀၂-၂၀၀၄ ပညာသင်နှစ် အမှတ်စဉ်(၂) သင်တန်းဆင်းပွဲကို မကြာမီက ကျင်းပခဲ့ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရ မထေရ်မြတ် ကိုယ်တော်တိုင် သင်တန်းဆင်း ရဟန်းတော်များအား အောင်လက်မှတ်များ ချီးမြှင့်ခဲ့သည်။

ယင်းအမှတ်စဉ်(၂) သင်တန်းဆင်းရဟန်းတော်များအနက်မှ ထူးချွန်သော ရဟန်းတော်များကို ပြည်ပနိုင်ငံများသို့ သာသနာပြုရန် စေလွှတ်လျက်ရှိရာ အရှင်ဣန္ဒာစာရ ဓမ္မာစရိယ B.A (English)နှင့် အရှင်သံဝရ ဓမ္မာစရိယ B.A(Myanmar) တို့သည် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တော် Buddhist and Pali University၌ မဟာ ဝိဇ္ဇာဘွဲ့ယူရန် တက်ရောက်နေပြီဖြစ် ကြောင်းနှင့် အလားတူ ပြည်ပသာသနာပြုခရီး ကြွရောက်ရန်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ထူးချွန်ဆု ချီးမြှင့်

ဖေဖော်ဝါရီ၂၀ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အခြေခံပညာမူလတန်းကျောင်းအမှတ်(၁၁)တွင်၂၀၀၄-၂၀၀၅ပညာသင်နှစ် ပညာရည်ချွန် ဆုပေးပွဲ အခမ်းအနားကို ကျောင်းခန်းမတွင် ကျင်းပရာ ဘက်စုံထူးချွန် ပထမဆုရ စတုတ္ထတန်းမှ မမြတ်မျိုးမွန်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးမြင့်က ဘက်စုံထူးချွန်ဆု ချီးမြှင့်စဉ်။ (က-ပ)

နယ်စပ်စည်ပင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် မြို့ရေပေးရေးနှင့် စည်ပင်လုပ်ငန်းများစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၅

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၉ရက်မွန်းလွဲပိုင်းက မန္တလေးတိုင်းအတွင်းရှိ မြို့နယ်များ၏ မြို့ရေပေးရေးနှင့် စည်ပင်သာယာရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာမြို့သို့ ရောက်ရှိလာရာ မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၌ မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်ဦးက မိတ္ထီလာမြို့ကို မိတ္ထီလာကန်ရေမှ ရေဖြန့်ဝေခြင်းအစား မြေအောက်ရေဖြင့် အဆင့်လိုက် အစားထိုးဖြန့်ဝေမည့်စနစ်ကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များ ပံ့ပိုးပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာမြို့ မဟာစည်တိုးချဲ့ကွက်သစ်ရှိ မြေအောက်ရေဖြင့် မိတ္ထီလာမြို့ရေပေးရေး ရှင်းလင်းဆောင်သို့ရောက်ရှိလာရာ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်ဦးက မြို့ရေပေးဝေနိုင်ရေးအတွက် စက်ရေတွင်းငါးတွင်း တူးဖော်ပြီးစီးမှုအခြေအနေနှင့် ရေဂါလန်နှစ်သိန်းဆံ့ရေကန်တည်ဆောက်ပြီးစီးမှုအခြေအနေ၊ မဟာစည်တိုးချဲ့ရေလိုင်းမှ မြို့ပေါ်ရပ်ကွက်များသို့ ရေဖြန့်ဝေပေးနိုင်ရန် စီစဉ်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက တူးဖော်ပြီးသော စက်ရေတွင်း ငါးတွင်းမှ တစ်နာရီလျှင် ထွက်ရှိသည့် ရေဂါလန် ၇၅၀၀၀ခန့်ကို မြို့ပေါ်ရပ်ကွက်များသို့ အပိုင်းလိုက် အမြန်ဖြန့်ဝေနိုင်ရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ပျော်ဘွယ်မြို့သို့ရောက်ရှိလာရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ တာဝန်ခံအင်ဂျင်နီယာ ဒေါ်မြင့်မြင့်ကြိုင်က ပျော်ဘွယ်မြို့ ရေပေးရေးစနစ်ကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြပြီး ဒုတိယအင်ဂျင်နီယာမှူးကြီးက ဖြည့်စွက်တင်ပြရာ ဝန်ကြီးက မြို့ပေါ်ရှိရပ်ကွက်များသို့ စက်ရေတွင်းများမှ ရေဖြန့်ဝေပေးမှုကို ယခုထက်ပိုမို တိုးချဲ့ဖြန့်ဝေနိုင်ရေးအတွက် အသေးစိတ် မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရမည်းသင်းမြို့သို့ ရောက်ရှိလာရာ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ရုံး၌ ရမည်းသင်းမြို့ ရေပေးရေးဆောင်ရွက်ထားမှုကို အမှုဆောင်အရာရှိ ဦးဆန်းဝင်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးထွန်းရင်တို့က ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ရမည်းသင်းမြို့ တိုးချဲ့ရေပေးရေး စီမံချက်ကို အမြန်အကောင်အထည်ဖော်ဆောင်ရွက်ရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ၁၉၇၈ခုနှစ် ဘူမိဗေဒ ကျောင်းသားဟောင်းများ၏ အဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၀ရက်က ရွှေဂုံတိုင်မီးပွိုင့်အနီးရှိ Excel Treasure Tower၌ ကျင်းပရာ ကျောင်းသားဟောင်းများက ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ကြစဉ်။ (က-ပ)

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် နိုင်ငံခြားဘာသာ စကားပြော သင်တန်းများဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ နိုင်ငံခြား ဘာသာစကားပြော သင်တန်းများကို မတ်၄ရက်တွင် စတင်ဖွင့်လှစ်မည် ဖြစ်ရာ အခြေခံပညာ အထက်တန်း (က)အဆင့်၊ (ခ) အဆင့်နှင့် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများနှင့် ဘွဲ့တစ်ခုခု ရရှိထားသူများသင်တန်း တက်ရောက်ရန်လျှောက်ထားနိုင်သည်။

သင်တန်းတွင်ပြင်သစ်ဘာသာ၊ဂျာမန်ဘာသာ၊ အင်္ဂလိပ်ဘာသာများကို အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များတွင် ညနေ ၄နာရီခွဲမှ ညနေ ၆နာရီခွဲအထိ သင်ကြားပို့ချမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုသော အချက်များကို အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်မော်ကွန်းထိန်းရုံး ဖုန်း-၆၅၀၇၁၂သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

သဃ်န်းကျွန်းမြို့နယ် ဇ/မြောက်ရပ်ကွက် မြတော်ဝင်သဇင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၀ရက်က ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင် ဦးစီးအရာရှိ ဦးညွန့်လှိုင်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် ရပ်ကွက်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြင့်မြင့်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ဂိုဏ်းပေါင်းစုံ သံဃနာယကအဖွဲ့က ကြီးမှူးကျင်းပအပ်သော သာသနာ့နုဂ္ဂဟ ပရိယတ္တိ စာမေးပွဲကို ဖေဖော်ဝါရီ ၂၅ရက်မှ ၂၇ရက်အထိ ပထမကြီးတန်း ၄၅ပါး၊ ပထမလတ်တန်း ၄၄ပါး၊ ပထမငယ်တန်း ၉၁ပါး၊ အခြေပြုမူလတန်း ၆၈ပါး၊ ဥပစာတန်း ၁၀၈ပါး စုစုပေါင်း၃၅၆ပါးတို့ ဖေဖော်ဝါရီ၂၅ရက်က အမက(၂၄)ကျောင်း၌ ဖြေဆိုရာ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ဆရာတော်၊ စာမေးပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဆရာတော်နှင့် သံဃာတော်များ ကြီးကြပ်တော်မူကြစဉ်။ (က-ပ)

စာရေးဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းဆင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဖွင့်လှစ်သော စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး သင်တန်း အမှတ်စဉ် (၁/၂၀၀၅) သင်တန်းဆင်းပွဲကို တောင်ကြီးမြို့ ရှမ်းပြည်နယ် အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၄ရက်မှ ဖေဖော်ဝါရီ၁၈ရက်အထိ ဖွင့်လှစ်ခဲ့ရာ တောင်ကြီးခရိုင်အတွင်းမှ သင်တန်းသား၂၉ဦး၊ သင်တန်းသူ ၃၃ဦး စုစုပေါင်း ၆၂ဦး တက်ရောက်ခဲ့ကြသည်။ အဆိုပါ သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ၁၈ရက် မွန်းလွဲ၂နာရီတွင် ကျင်းပရာ ပြည်နယ်အုပ်ချုပ်ရေးမှူး တက်ရောက်အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး၊ ဦးစီးအရာရှိများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ် ဒုတိယဦးစီးမှူးများ တက်ရောက်ကြသည်။ **(က-ပ)**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် သံဃနာယကအဖွဲ့က ကြီးမှူးကျင်းပသော မြို့နယ်လုံးဆိုင်ရာ ဆဋ္ဌမအကြိမ်မြောက် ဝိနယာဓိက စာပြန်ဖြေဆိုပွဲ ဆုနှင်းသဘင်အခမ်းအနားကို ဖေဖော်ဝါရီ၂၀ရက်က ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်လှိုင်နှင့် ဇနီးမိသားစုက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပန်းဥယျာဉ်တည်ဆောက် ထိန်းသိမ်းခြင်းသင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူး၍ ပန်းဥယျာဉ်တည်ဆောက် ထိန်းသိမ်းခြင်းနှင့် မြေယာရှုခင်းပြုပြင်ခြင်း သင်တန်း (၁/၂၀၀၅)ကို မတ် ၂၈ရက်မှ ဧပြီ ၉ရက်အထိ နေ့စဉ် နံနက်၉နာရီမှ ညနေ ၄နာရီအတွင်း သင်တန်းသား ၅၀ဖြင့် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ် အတွင်းရှိ ပြည်ထောင်စုအေးရိပ်ငြိမ် ခန်းမဆောင်၌ ဖွင့်လှစ်ရန်စီစဉ်ထားသည်။

သင်တန်းကြေးအဖြစ် အသင်းဝင်နှင့် ဝန်ထမ်းများအတွက် ကျပ် ၈၀၀၀၊ ပြင်ပပုဂ္ဂိုလ်များအတွက် ကျပ် ၉၀၀၀ သတ်မှတ်ထားသည်။ တက်ရောက်လိုသူများသည် အသင်းရုံး ဖုန်း-၃၇၉၃၆၁သို့ အမြန်ဆုံးဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

၂၀၀၅ခုနှစ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး ပထမအကြိမ် အာရှပတ်လည် မြားပစ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင့်ဆန်းခေါင်းဆောင်သော မြန်မာမြားပစ်အားကစားအဖွဲ့အား ဖေဖော်ဝါရီ၂၄ ရက်က ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှမထွက်ခွာမီ တွေ့ရစဉ်။ (မြန်မာ့အလင်း)

ကမ္ဘာ့မိုးလေဝသနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ဆောင်းပါးပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများတွင် အများပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်နိုင်ရန် ၂၀၀၅ခုနှစ် မတ် ၂၃ ရက်တွင် ကျရောက်မည့် (၄၄)ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ဆောင်းပါးပြိုင်ပွဲ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်စည်းကမ်းချက်များမှာ စာစီစာကုံးပြိုင်ပွဲအတွက် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူဖြစ်ရမည်ဖြစ်ပြီး သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၏ ထောက်ခံစာပါရှိရမည်၊ စာလုံးရေ ၃၀၀၀ထက် မကျော်လွန်ရ၊ ဆောင်းပါးပြိုင်ပွဲအတွက် မည်သူမဆို ယှဉ်ပြိုင်နိုင်သည်။ စာလုံးရေ ၅၀၀၀ထက်မကျော်လွန်ရ၊ ဆောင်းပါးအတွက် အထောက်အကူပြု ဓာတ်ပုံ၊ ဇယားစသည်တို့ ဖော်ပြနိုင်သည်။

စာစီစာကုံးနှင့်ဆောင်းပါးပြိုင်ပွဲနှစ်ရပ်လုံးအတွက်သတ်မှတ်ခေါင်းစဉ်မှာ **"သဘာဝဘေး ကာကွယ်ရေး၊ မိုးလေဝသ အလေးပေး"** ဖြစ်သည်။

စာမူကို လက်နှိပ်စက်၊ ကွန်ပျူတာ၊ လက်ရေးစသည်ဖြင့် ရေးသားပေးပို့နိုင်ပြီး စာမျက်နှာတစ်ဖက်တည်းတွင် သပ်ရပ်စွာ ရေးသားပေးပို့ရမည်၊ မူရင်းစာမူအပြင် မိတ္တူအပိုတစ်စောင် ပေးပို့ရမည်။ ယှဉ်ပြိုင်ရန် ပေးပို့သောစာမူသည် ယခင်က မည်သည့် စာစောင်၊ ဂျာနယ်၊ သတင်းစာတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိရ၊ စာမူနှင့်အတူ စာရေးသူ၏ ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်၊ ပတ်စပို့စ်အရွယ် ဓာတ်ပုံနှစ်ပုံ၊ ဆက်သွယ်ရမည့် လိပ်စာအပြည့်အစုံ(ဖုန်းနံပါတ်ရှိပါက ဖော်ပြရန်) ပူးတွဲပေးပို့ရမည်။ ပေးပို့ရမည့်လိပ်စာမှာ ကမ္ဘာ့မိုးလေဝသနေ့ ကျင်းပရေးကော်မတီ၊ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၊ မရမ်းကုန်းစာတိုက်-၁၁၀၆၁ ရန်ကုန်မြို့ ဖုန်း-၀၁-၆၆၀၈၂၄၊ ၆၆၅၆၆၉ ဖြစ်သည်။ ပြိုင်ပွဲဝင်စာမူများကို မတ် ၁၄ရက်အရောက် နောက်ဆုံးပေးပို့ရမည်။ ယင်းရက်ထက်ကျော်လွန်မှ ရောက်ရှိသောစာမူများကို လက်ခံစဉ်းစားမည်မဟုတ်ဟု သိရသည်။

ဆုရသူများ၏အမည်ကို မတ်၂၀ရက်တွင် ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး ဆုများကို မတ်၂၃ရက်တွင် MICT Park အဆောက်အအုံ၌ အခမ်းအနားဖြင့် ချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့လက်ရွေးစင်ဘော်လီဘောအသင်းနှင့် ဂျပန်ကင်ကီတက္ကသိုလ်အသင်း လက်ရည်စမ်းမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

နိုင်ငံတကာ ဘော်လီဘောပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းဝင်လေ့ကျင့်လျက်ရှိသော မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် လက်ရွေးစင်အသင်းသည် မတ်လ ပထမပတ်တွင် ဂျပန်နိုင်ငံမှ ကင်ကီတက္ကသိုလ်အသင်းနှင့် လက်ရည်စမ်း ကစားမည်ဖြစ်သည်။

အဆိုပါအဖွဲ့ချုပ် လက်ရွေးစင်အသင်းကို နည်းပြချုပ်အဖြစ် Mr. Koji Tsuzurabara (ဂျပန်)၊ လက်ထောက်နည်းပြအဖြစ် ဦးညီညီလွင်(လဝက)နှင့် လေ့ကျင့်ရေးမှူးအဖြစ် ဦးရဲမြင့်(ကာကွယ်ရေး)တို့က ဇန်နဝါရီ ၂၀ရက်မှစ၍ ကစားသမား ၁၈ဦးအား လေ့ကျင့်ပေးလျက်ရှိသည်။ ရွေးချယ်ပေးလျက်ရှိသော အဖွဲ့ချုပ်လက်ရွေးစင် အားကစားသမားများမှာ မြို့တော်စည်ပင်မှ ရဲမင်းအောင်(အသင်းခေါင်းဆောင်)နှင့် စောဟိန်းသူ၊ ကာကွယ်ရေးမှ ကျော်စွာဝင်း၊ ကျော်ရွှေ၊ နေလင်းထွန်း၊ ဇော်ဝင်း၊ လဝကမှ ပြည့်ဖြိုးလှိုင်၊ စိုင်းညီလေး၊ ချမ်းငြိမ်းသူ၊ ဇော်ဇော်နောင်၊ ဝင်းဇော်အေး၊ စံရွှေမောင်၊ ပြည်ထဲရေးမှ ဥာဏ်လင်းအောင်၊ ဝင်းမင်းထွန်း၊ သိန်းစိုးဦး၊ တင်မောင်ထွေး၊ အောင်ကြိုင်နှင့် ပို့ဆောင်ရေးမှ ကျော်သူရတို့ ဖြစ်ကြသည်။

မြန်မာနိုင်ငံသို့ လာရောက်လက်ရည်စမ်းကစားမည့် ကင်ကီတက္ကသိုလ်အသင်းသည် ပြီးခဲ့သည့် ၂၀၀၄ခုနှစ်က အိုဆာကာပြည်နယ် နွေရာသီ တက္ကသိုလ်ပေါင်းစုံ ပထမတန်း အမှတ်ပေးပြိုင်ပွဲတွင် အဆင့်(၅)၊ အိုဆာကာပြည်နယ် ဆောင်းဦးပေါက် တက္ကသိုလ်ပေါင်းစုံ ပထမတန်း အမှတ်ပေးပြိုင်ပွဲတွင် အဆင့်(၅)၊ ဂျပန်နိုင်ငံ အနောက်ခြမ်းလုံးဆိုင်ရာ တက္ကသိုလ်ပေါင်းစုံပြိုင်ပွဲတွင် ဒုတိယရရှိထားသော အသင်းဖြစ်သည်။

မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် လက်ရွေးစင်အသင်းနှင့် ကင်ကီတက္ကသိုလ်အသင်းတို့၏ လက်ရည်စမ်းပွဲများအဖြစ် မတ် ၂ရက်၊ ၄ရက်နှင့် ၆ရက်တို့၌ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

လက်ရည်စမ်းပွဲများကို ညနေ ၃နာရီမှ စတင်ကျင်းပမည်ဖြစ်ပြီး ဘော်လီဘောဝါသနာရှင်များ အခမဲ့ကြည့်ရှုနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မန္တလေးမူးယစ်အထူးအဖွဲ့နှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၆ရက်တွင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ်ကွက်နေ အိုက်ယုံ (ခ)ကျိန်ကျားဖု၏ နေအိမ်ကို သတင်းအရ ဝင်ရောက်စစ်ဆေးရှာဖွေရာ နေအိမ်နံရံအတွင်း ဝှက်ထားသော ဒုဗလျူဝိုင်စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၂၅ပြား ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ်ကွက်နေ ဦးကျိန်ဆင်တဲ့၏သား အသက် ၂၆နှစ်ရှိ အိုက်ယုံ (ခ)ကျိန်ကျားဖုနှင့် ကွင်းဆက်တရားခံ မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ်ကွက်နေ ဦးစိန်ဘို၏သား အသက်(၃၃)နှစ်ရှိ ထွန်းထွန်းဦးတို့နှစ်ဦးအား မန္တလေးအမှတ် (၇) ရဲစခန်းက မူးယစ်ဆေးဝါးပထမ သတင်းပေးတိုင်ချက်အမှတ် (၅/၂၀၀၅) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/(၁၉)က/၂၁အရ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှားအားကစား

ချန်ပီယံလိဂ်ဘောလုံးပွဲများယှဉ်ပြိုင် စပိန်ထိပ်သီးက အင်္ဂလန်ထိပ်သီးကိုနိုင်

မက်ဒရစ် ဖေဖော်ဝါရီ ၂၅

ချန်ပီယံလိဂ်ပထမအကျော့ပွဲစဉ်များကို မကြာမီက သက်ဆိုင်ရာနိုင်ငံများရှိ ကွင်းများ၌ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

စပိန်ထိပ်သီးဘာစီလိုနာအသင်းနှင့် အင်္ဂလန်ထိပ်သီးချယ်လ်ဆီးအသင်းတို့သည် စပိန်ကွင်း၌ ယှဉ်ပြိုင်ကစားရာ ဘာစီလိုနာအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည်။

ချယ်လ်ဆီးအသင်းအတွက် ဗယ်လ်တီက ဖွေဆော်ဦးဂိုး သွင်းပေးခဲ့သော်လည်း ဘာစီလိုနာမှ မက်ဆီလိုပက်၏ ချေပဂိုးသွင်းမှုကို ခံခဲ့ရပြီးနောက် တောင်အာဖရိက အကောင်းဆုံးဘောလုံးသမားဆုရထားသည့် ဆင်မြူရယ်အီတိုးက ဘာစီလိုနာအတွက် အနိုင်ဂိုးသွင်းပေးခဲ့သည်။

မန်ချက်စတာယူနိုက်တက်အသင်းနှင့် အီတလီထိပ်သီး အေစီမီလန်အသင်းတို့သည် အင်္ဂလန်နိုင်ငံ အိုးထရက်ဖို့ဒ်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ အေစီမီလန်က တစ်ဂိုး-ဂိုးမရှိဖြင့် ကပ်၍နိုင်ခဲ့သည်။

ယင်းပွဲသည် ဂိုးမရှိသရေဖြင့် ပွဲသိမ်းရတော့မည်အခြေအနေတွင် အေစီမီလန်တိုက်စစ်မှူး ဟာနန်ခရက်စပိုက ပွဲပြီးရန် မိနစ်ပိုင်းအလိုတွင် သွင်းပေးခဲ့ခြင်းဖြစ်သည်။

ဂျာမနီထိပ်သီး ဘေယန်မြူးနစ်အသင်းနှင့် နာမည်ကြီး အာဆင်နယ်တို့သည် ဘေယန်မြူးနစ်ကွင်း၌ ယှဉ်ပြိုင်ကစားရာ ဘေယန်မြူးနစ်က သုံးဂိုး-တစ်ဂိုးဖြင့်နိုင်ခဲ့သည်။

ဘေယန်မြူးနစ်အသင်းအတွက် ပီဇာရိုက နှစ်ဂိုးသွင်းပေးခဲ့ပြီး ဆာလီဟာမစ်ဒစ်က တစ်ဂိုးသွင်းပေးခဲ့သည်။

ဂျာမနီနာမည်ကြီး ဝါဒါဘရီမင်အသင်းနှင့် ပြင်သစ်ထိပ်သီး လိုင်ယွန်အသင်းတို့သည် ဂျာမနီကွင်း၌ ယှဉ်ပြိုင်ကစားရာ လိုင်ယွန်အသင်းက သုံးဂိုး-ဂိုးမရှိဖြင့်နိုင်ကာ ပထမအကျော့ ရလဒ်ကောင်းခဲ့သည်။

စပိန်မှ ရီးရဲမက်ဒရစ်အသင်းနှင့် အီတလီဂျူဗင်းတပ်အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ရီးရဲမက်ဒရစ်က တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည်။



လေဗာကူဆင် အသင်းမှ ဘာဘာတော့ပ် (ဝဲ)၏ လီဗာပူးအသင်းဘက်သို့ထိုးဖောက်ကစားမှုကို တွေ့ရစဉ်။ (အင်တာနက်)

အင်္ဂလန်မှ လီဗာပူးအသင်းသည် ဂျာမနီမှ လီဗာကူဆင်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့ချိန်တွင် အိုင်ဟိုဗင်အသင်းသည် ပြင်သစ် မိုနာကိုအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည်။

ပေါ်တူဂီမှ အက်ဖ်စီပေါ်တိုအသင်းနှင့် အီတလီမှ အင်တာမီလန်တို့ ယှဉ်ပြိုင်ကစားရာတွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားခဲ့သည်။

အထက်ပါ ဘောလုံးအသင်းအတွဲများသည် လာမည့် မတ်၈ရက်တွင် ဒုတိယအကျော့ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။ **(အင်တာနက်)**

မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့(၁၈)ကျင်းပြိုင်ပွဲဆက်လက်ယှဉ်ပြိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

Myanmar PGA၊ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် ASIAN TOUR တို့ကကြီးမှူး၍ Rothmans of Pall Mall Myanmar Pte., Ltd. ကအဓိက ကူညီပံ့ပိုးသော ၂၀၀၅ ခုနှစ် Myanmar Openဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့နံနက် ၇နာရီက ရန်ကုန်မြို့ ဒဂုံးကုန်း ရန်ကုန်ဂေါက်ကလပ်၌ ဆက်လက်ကျင်းပရာ Myanmar PGA နှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)၊ အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်နှင့် အမှုဆောင်များ၊ Myanmar PGA အထွေထွေအတွင်းရေးမှူး Professional Golfer ဦးချမ်းဟန်နှင့် အမှုဆောင်များ၊ဖိတ်ကြားထားသူများနှင့် ဂေါက်သီးရိုက် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဒုတိယနေ့ ၁၈ ကျင်းပြိုင်ပွဲအပြီးတွင် ချန်ပီယံဟောင်း Boonchu Ruangkit (ထိုင်း)က သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျော့ရိုက်ပြီး (၆၈+၆၈) ပေါင်း ၁၃၆ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ယမန်နှစ်ချန်ပီယံ Thongchai Jaidee(ထိုင်း)က သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျော့ရိုက်ပြီး (၆၇+၇၀)ပေါင်း ၁၃၇ချက်ဖြင့် ဒုတိယလိုက်ပြီး Andrew Pitts (အမေရိကန်ပြည်ထောင်စု)က သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျော့ရိုက်ပြီး (၆၉+၇၀) ပေါင်း ၁၃၉ချက်ဖြင့် တတိယလိုက်နေသည်။

ယင်းပြိုင်ပွဲ၏ Co-Sponsors များအဖြစ် Myanmar Airways International (MAI), Sedona Hotel (Myanmar), Srixon, Myanmar Brewery Ltd., Canon နှင့် Max Myanmar Co., Ltd. တို့ကလည်း ထပ်မံ၍ကူညီပံ့ပိုးကြပြီး ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Han Event Management နှင့် Octagon တို့က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၇ နာရီတွင် ယင်းဂေါက်ကွင်း၌ တတိယနေ့ ၁၈ ကျင်းပြိုင်ပွဲကို ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၂၃ရက်က ဦးသိန်းဌွေး–ဒေါ်စန်း၊ သမီး မနုနုရီ၊ မြေး ချမ်းမြေ့အောင် (ဆ/ကရပ်ကွက်၊ သဃ်န်းကျွန်း)တို့က ကျိုက္ကစံဆံတော်ရှင် စေတီတော်မြတ်ကြီး၏ ကျောက်စာတော် စေတီတော်အတွက် ငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ (ဆင်မင်း) ဦးတင်ရွှေက လက်ခံယူစဉ်။

(က–ပ)

မီးသတ်တပ်ဖွဲ့ဝင်များ တည်းခိုနေထိုင်မှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၅

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်သည် ဌာနချုပ်မှ အရာရှိကြီးများလိုက်ပါလျက် ယနေ့ညနေပိုင်းတွင် နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ အောင်ဆန်းစစ်ကြောင်းမှ ပါဝင်ချီတက်မည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်ရေးပြလေ့ကျင့်လျက်ရှိသည့် တောင်ဥက္ကလာပမြို့နယ်နယ်မြေခံတပ်ရင်းရှိ တည်းခိုဆောင်သို့ သွားရောက်၍ မီးသတ်တပ်ဖွဲ့ဝင်များ၏ အိပ်ဆောင်၊ စားရိပ်သာ၊ မီးဖိုချောင်နှင့် ရိက္ခာစတိုတို့ကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမည်ပြောင်း

ဦးရဲအောင်၏သမီး ရန်ကင်း အမက(၁၃) ပထမတန်းမှ မရွှေရည်ရဲအောင်အား ယနေ့မှစ၍ မခင်ရည်မွန်ဦးဟု ပြောင်းလဲခေါ်ပါရန်။

မခင်ရည်မွန်ဦး။

မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဦးတင့်လွင်နှင့် ချစ်မေမေ ဒေါ်မေသန်းတို့၏ ၂၆–၂–၂၀၀၅ရက်နေ့တွင်ကျရောက်သော (၄၆)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် ချမ်းမြေ့သာယာပျော်ရွှင်သောဘဝကို သက်ဆုံးတိုင်ပိုင်ဆိုင်ရရှိနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သားကြီး – ဗိုလ်မှူးစိုးစည်–ဒေါက်တာလတ်လတ်ဝင်း
သမီးကြီး – ခင်ပိုပို(လက်ထောက်အထွေထွေမန်နေဂျာ၊ MFTB)
သမီးငယ် – တင်မိုးမိုး(လက်ထောက်ကထိက၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)–ဗိုလ်ကြီးမင်းဟန်စိုး(ငြိမ်း)၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန။
သားငယ် – ကိုကိုသက် (3rd Engineer, Lizstar Co.)
မြေး – မောင်မိုးစည်။

၁၉၈၂ – ၈၃ -- ၁၉၈၆ – ၈၇ လုပ်သားများကောလိပ်(ဓာတုဗေဒ) ကျောင်းသားဟောင်းများ၏ စတုတ္ထအကြိမ်မြောက် မိတ်ဆုံစားပွဲ

နေ့ရက် – ၂–၃–၂၀၀၅ (တောင်သူလယ်သမားနေ့)
အချိန် – မွန်းလွဲ ၁း၀၀ နာရီ
နေရာ – “ Hello ”စားသောက်ဆိုင်
ချောင်း၀ စက်သုံးဆီဆိုင်ရှေ့၊ ဘုရင့်နောင်လမ်းမကြီး

“ သူငယ်ချင်းများအားလုံး တက်ရောက်ကြပါရန် ”

ဆက်သွယ်ရန်–

ကိုကျော်မင်း	– ဖုန်း–၅၂၇၀၉၉၊ ၅၃၆၆၈၉
မမေသန်းဦး	– ဖုန်း–၆၅၁၃၀၈
ကိုသန်းဇော်	– ဖုန်း–၇၀၉၉၉၃
ဒေါ်စန်းစန်းအောင်	– ဖုန်း–၅၆၁၇၂၄
ကိုမြင့်စိန်	– ဖုန်း–၇၂၇၃၈၃

ကာရစ်ဝ်ကော်ဥယျာဉ်

ကန်တော်ကြီး သဘာဝပန်းဥယျာဉ်

Special Entertainment

Three Ladies Show

N0 **သဇင်၊ ရည်မွန်၊ ရတနာ**

နှင့်

အခြားအဆိုတော်များစွာ

နေ့ရက် – ၂၆–၂–၂၀၀၅ (စနေနေ့)
အချိန် – ညနေ ၅ နာရီမှ ည ၇ နာရီအထိ
နေရာ – ကန်တော်ကြီး – မျှော်စင်ကျွန်း

ရွှေပုစွန် အအေးနှင့် ကိတ်မုန့်မျိုးစုံ

SHWE PU ZUN CAFETERIA & BAKERY HOUSE မှ

SHWE PU ZUN FUNCTION HALL ကို

၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၂)ရက်၊ ပြည်ထောင်စုနေ့မှစ၍

မွေးနေ့ပွဲ၊ မင်္ဂလာညစာခံပွဲ၊ ဆွမ်းကျွေးပွဲ၊ အစည်းအဝေးပွဲ၊ ဟောပြောပွဲများနှင့်

ဘာသာရေးအခမ်းအနားပွဲများအတွက် ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါသည်။

ယခုတစ်ဖန် SHWE PU ZUN BREAKFAST CORNER တွင်

ရွှေတောင်ခေါက်ဆွဲ၊ အုန်းနို့ခေါက်ဆွဲ၊ မုန့်ဟင်းခါး၊

အမေရိကန် Breakfast၊ ကော်ဖီ၊ လက်ဖက်ရည်၊ သစ်သီးဖျော်ရည်များအား

စုံလင်စွာဖြင့် ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၄) ရက်နေ့မှစတင်၍

နေ့စဉ် နံနက် ၇း၀၀နာရီမှ ၉း၀၀နာရီ အထိ

စတင်ဖွင့်လှစ်ရောင်းချနေပြီ ဖြစ်ကြောင်း စားသုံးသူမိတ်ဆွေများအား

သတင်းကောင်းပါးအပ်ပါသည်။

၂၅– F ၊ မင်းနန္ဒာလမ်း၊ ဒေါပုံမြို့နယ်(သာကေတတံတားအနီး)

ဖုန်း – ၅၄၅၁၁၅၊ ၅၅၉၈၂၅၊ ဖက်စ်–၅၅၂၀၅၉

SoftGuide Computer

- Flash
- Microsoft Office XP
- Graphic Design
- D.T.P.
- Turbo C++
- Visual Basic
- Auto CAD
- Summer Computer for Kid's
- Computerized Accounting (ACCPAC) (Peachtree)

❖ရန်ကုန် လသာ (၅၂) ၁၉ လမ်း ☎ 382180,09-5019864

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသူကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု ဓာတုဗေဒဘာသာ သင်ခန်းစာများကို ဆက်လက်ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲ

ဓာတုဗေဒဘာသာ သိကောင်းစရာ

အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းနှင့် အနှစ် ၃၀ နှစ်ရှည် စီမံကိန်းတို့ ၏လမ်းညွှန်ချက်များနှင့်အညီ ယခုနှစ် တက္ကသိုလ်ဝင်တန်း (ဒသမတန်း) စာမေးပွဲကြီးမှာ ဓာတုဗေဒဘာသာရပ်ကို သင်ရိုးသစ်နဲ့ သီးသန့် ဘာသာရပ်အနေဖြင့် စစ်ဆေးမှာဖြစ်ပါတယ်။

ဓာတုဗေဒသင်ရိုးသစ်မှာ Chapter (1) to Chapter (15) အထိပါရှိတယ်။ Chapter (1) ကတော့ The electronic structure of atoms, periodic table and chemical bonds အခန်းပဲ ဖြစ်တယ်။ ဒီအခန်းမှာ Atom ထက်သေးငယ်တဲ့အမှုန်များဖြစ်တဲ့ proton, neutron နဲ့ electron တွေ အကြောင်းကိုလေ့လာရမှာဖြစ်ပြီး Atom တွေရဲ့ electron တည်ဆောက်ပုံကိုအသေးစိတ် လေ့လာရပါမယ်။ ဒါ့အပြင် ဒြပ်စင်များရဲ့အလှည့်မှန်ဇယား The periodic Table of the Elements ကိုထပ်မံသင်ယူရပါမယ်။ ထို့မှတစ်ဖန် ဒြပ်စင်များ (Elements)ကိုလျှပ်စစ်ဓာတ်ဖို ဒြပ်စင် (Electropositive elements)နဲ့ လျှပ်စစ်ဓာတ်မဒြပ်စင် (Electronegative elements)များ အကြောင်းကိုသိရှိရမှာဖြစ်တယ်။ Atom အရွယ်အစား၊ Atom များ၏ Ionization energy နဲ့ Electron affinity အကြောင်းတွေအပြင် ဓာတ်စည်းများဖြစ်တဲ့ လျှပ်စစ်စည်း (Ionic bond)၊ ဖက်စပ်စည်း (Covalent bond)၊ ပေးမျှစည်း (Coordinate bond)နဲ့ သတ္တုစည်း (Metallic bond) တွေအကြောင်း စိတ်ဝင်စားဖွယ်လေ့လာရမှာဖြစ်တယ်။

Chapter (2) ဖြစ်တဲ့ The Gaseous State and the Gas Laws အခန်းမှာ ဓာတ်ငွေ့အခြေတွင် ထုထည်(Volume)၊ ဖိအား(Pressure)နဲ့ အပူချိန်(Temperature)တို့ တစ်ခုနဲ့တစ်ခုဆက်သွယ်ပုံ ဓာတ်ငွေ့များနဲ့ ပတ်သက်တဲ့ Boyle's Law, Charles' Law, Dalton's Law of partial pressure, Avogradro's Theory, Gay-Lussac's Law of Combining volumes of gases, Graham's Law of gaseous diffusion တွေအကြောင်းအပြင် ယင်းတို့နဲ့ဆက်နွယ်တဲ့ပုစ္ဆာတွေကို တွက်ချက်ရမှာ ဖြစ်တယ်။

Chapter (3) Stoichiometry အခန်းမှာ ဓာတုဗေဒညီမျှခြင်းတွေ၊ ဓာတ်ပြုခြင်းတွေကို ဓာတုသင်္ချာအနေဖြင့် ဖြေရှင်းလေ့လာရမှာဖြစ်တယ်။

Chapter (4) Electrolysis လျှပ်စစ်ဓာတ် ဖြိုခွဲခြင်းအခန်းမှာ Conductors, Electrolyte and Electrical Conductivity အကြောင်း၊ The ionic theory နှင့် Electrolysis of salt solutions အကြောင်းအပြင် Faraday's law of electrolysis နဲ့သက်ဆိုင်တဲ့ပုစ္ဆာများကို လေ့လာဖြေရှင်းရမှာ ဖြစ်တယ်။

Chapter (5) ကတော့ Oxidation and Reduction အခန်းဖြစ်တယ်။ ဒီအခန်းမှာ ဓာတ်တိုးခြင်းနှင့် ဓာတ်လျော့ခြင်း၊ ဓာတ်ပြုခြင်းတွေကိုလေ့လာရမယ်။ ဓာတ်တိုးပစ္စည်း (Oxidizing agent)၊ ဓာတ်လျော့ပစ္စည်း (Reducing agent) အကြောင်းအရာတွေ၊ ဓာတ်တိုးခြင်း၊ ဓာတ်လျော့ခြင်း ညီမျှခြင်းများညှိခြင်း (Balancing Oxidation – Reduction Equation)ကို စနစ်တကျ လေ့လာကြမယ်၊ လေ့ကျင့်ကြရမယ်၊ Ion-electron (half-reaction) method နဲ့ညီမျှခြင်းများ ညှိနည်းကိုပါအသေးစိတ်လေ့လာကြရပါမယ်။

Chapter (6) Rates of reactions and equilibria အခန်းမှာဓာတ်ပြုခြင်းနဲ့ဓာတ်ပြုနှုန်း ဓာတ်ပြုညီမျှခြေများကို ဥပမာများဖြင့်လေ့လာပြီး သင်ယူရမှာဖြစ်တယ်။ အထူးသဖြင့် လီချာတလီယား နိယာမ(Lechatelia's Principle) ကိုသုံးပြီး ဓာတ်ပြုညီမျှခြေများကိုလေ့လာမှာဖြစ်တယ်။

Chapter (7) Energy changes in chemical reaction အခန်းမှာတော့ စွမ်းအင်အမျိုးမျိုး ဖြစ်တဲ့ အရွေ့စွမ်းအင် (Kinetic energy)၊ အတည်စွမ်းအင် (Potential energy)၊ အပူစွမ်းအင် (Thermal energy)၊ ဓာတုစွမ်းအင် (Chemical energy) နဲ့ လျှပ်စစ်စွမ်းအင် (Electrical energy) မော်တာမှထုတ်ယူရရှိတဲ့ စက်မှုစွမ်းအင် (Mechanical energy) အကြောင်းအရာတွေကို ဆက်စပ် လေ့လာရမှာဖြစ်တယ်။ အထူးသဖြင့် ဒီအခန်းမှာ ဓာတ်ပြုခြင်း၌ဖြစ်ပေါ်သော အပူထွက် ဓာတ်ပြုခြင်း (Exothermic reaction)၊ အပူစုပ်ဓာတ်ပြုခြင်း (Endothermic reaction) တွေကို သင်ယူရပါမယ်။ ဒါ့အပြင် ဓာတ်ပြုခြင်း လောင်ကျွမ်းအပူ (Heat of combustion)၊ ဒြပ်ပေါင်းဖြစ်အပူ (Heat of formation)၊ ဓာတ်ပြယ်ခြင်းအပူ (Heat of neutralization) အကြောင်းအရာ တွေနဲ့ဆက်စပ်ပြီး Hess's law of constant heat summation ပုစ္ဆာတွေကို တွက်ထုတ်ပြီးလေ့လာရမှာဖြစ်လို့ စိတ်ဝင်စားဖွယ်ကောင်းပါတယ်။

Chapter (8) Some important metals and their compounds အခန်းမှာအရေးကြီးတဲ့သတ္တုများဖြစ်တဲ့ ဆိုဒီယမ် (Sodium)၊ မဂ္ဂနီဆီယမ် (Magnesium)၊ ကယ်လ်ဆီယမ် (Calcium)၊ အလူမီနီယမ် (Aluminium)၊ ခဲ (Lead)အစရှိသော သတ္တုများထုတ်ဖော်နည်းနဲ့ ဓာတ်ပြုခြင်းများကို လေ့လာသင်ယူရပါမယ်။

Chapter (9) ဖြစ်တဲ့ Some important metals and their compounds အခန်းမှာ စက်မှုလုပ်ငန်းမှာ အရေးကြီးသောသတ္တုများဖြစ်တဲ့ သံ (Iron)၊ ကြေးနီ (Copper)၊ ငွေ (Silver)၊ သွပ် (Zinc) တို့ရဲ့ထုတ်ယူနည်းများ သတ္တုဒြပ်ပေါင်းများရဲ့ ထုတ်ဖော်နည်း ဓာတ်ပြုခြင်းများ ဓာတ်ဂုဏ်သတ္တိများနဲ့ အသုံးပြုနည်းများကိုပါ လေ့လာသင်ယူရပါမယ်။

Chapter (10) အခန်းမှာ Nitrogen ဓာတ်ငွေ့ထုတ်ဖော်ပုံ၊ ဂုဏ်သတ္တိများနဲ့အသုံးပြုပုံများကို သင်ယူရပါမယ်။ ဒါ့အပြင် Nitrogen ရဲ့အရေးကြီးတဲ့ Compounds များဖြစ်တဲ့ Ammonia (NH_3), Nitrogen oxide (NO), Dinitrogen oxide (N_2O), Nitrogen dioixde (NO_2), Nitric acid (HNO_3) စသည်တို့ကိုကျယ်ကျယ်ပြန့်ပြန့်လေ့လာရပါမယ်။

Chapter (11) Sulphur and its compounds အခန်းမှာ ကန့် (Sulphur) ကိုမည်သို့ထုတ်ဖော်ပုံ၊ အသွင်ကွဲများ တည်ဆောက်ပုံနှင့် ရုပ်နှင့်ဓာတ်ဂုဏ်သတ္တိများကို အသေးစိတ်လေ့လာရမှာ ဖြစ်တယ်။ ဒါ့အပြင် Sulphur ရဲ့အရေးကြီးတဲ့ Compounds များဖြစ်တဲ့ Hydrogen sulphide (H_2S), Sulphur dioxide (SO_2), Sulphur trioxide (SO_3), Sulphuric acid (H_2SO_4) စသည်တို့ရဲ့ထုတ်ဖော်ပုံ ဂုဏ်သတ္တိများ ဓာတ်ပြုခြင်းများကို စိတ်ဝင်စားဖွယ် လေ့လာရမှာဖြစ်တယ်။

Chapter (12) The Halogens အခန်းမှာ ဟေလိုဂျင်များဖြစ်တဲ့ Chlorine (Cl_2), Bromine (Br_2), Iodine (I_2) တို့ရဲ့ထုတ်ဖော်ပုံ ဂုဏ်သတ္တိများကို စနစ်တကျသင်ယူရပါမယ်။

Chapter (13) Acids, Bases and their neutralization အခန်းမှာ အက်ဆစ်များ၊ ဗေ့စ်များရဲ့ Theory များ၊ The hydrogen ion exponent (pH) အက်ဆစ်ပြင်းအား (Strength of acids) အက်ဆစ်နှင့် ဗေ့စ် ဓာတ်ပြုခြင်းများ (Neutralization of acids and bases) ဆားများရေသွင်းဖြိုခွဲခြင်း (Hydrolysis of salts) ကြားခံဖြေဖျော်ရည် (Buffer solution) အညွှန်းပစ္စည်းများ (Indicators) ထုထည်တိုင်းဓာတ်ခွဲခြင်း (Titration or volumetric analysis) တို့ရဲ့သဘောတရားနဲ့ လက်တွေ့ လုပ်ငန်းတွင်အသုံးပြုပုံများကို ဥပမာများဖြင့် လေ့လာတွက်ချက်ပြီးအဖြေရှာရမှာဖြစ်တယ်။

Chapter (14) Organic chemistry အခန်းမှာ Carbon compounds များဖြစ်တဲ့ Alkane (ပြည့်ဝ ဟိုက်ဒရိုကာဗွန်) သို့မဟုတ် တစ်ထပ်စည်းပါ ဟိုက်ဒရိုကာဗွန်၊ မပြည့်ဝ ဟိုက်ဒရိုကာဗွန်ဖြစ်တဲ့ alkene သို့မဟုတ် နှစ်ထပ်စည်းပါ ဟိုက်ဒရိုကာဗွန်၊ alkyne သို့မဟုတ် သုံးထပ်စည်းပါ ဟိုက်ဒရိုကာဗွန် တို့ရဲ့ထုတ်ဖော်ပုံ ဓာတ်ပြုခြင်းများ ဒြပ်ပေါင်းများရဲ့ Graphic formula, Electron dot-cross formula၊ အမည်ပေးစနစ် (Nomenclature) တို့ကိုပါ အသေးစိတ် လေ့လာရပါမယ်။ ဒါ့အပြင် ဆေးဝါးနဲ့စက်မှုလုပ်ငန်းမှာအသုံးဝင်တဲ့ အက်သနော (Ethanol)ရဲ့ ထုတ်ဖော်ပုံအမျိုးမျိုးနဲ့ ဓာတ်ပြုညီမျှခြင်းများကိုလေ့လာရပါမယ်။

Chapter (15) Chemistry in Society အခန်းမှာ ခေတ်မီလယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ အရေးပါတဲ့ ဓာတ်မြေဩဇာ (Chemical fertilizers) အကြောင်းတင်ပြထားပါတယ်။ အကြောင်းကတော့ စပါးအပါအဝင် ကောက်ပဲသီးနှံစိုက်ပျိုးတဲ့အခါမှာ အပင်များရဲ့အာဟာရဓာတ်ဖြစ်တဲ့ Nitrogen (N), Phosphorus (P), Potassium (K) တို့ကိုဓာတ်မြေဩဇာက မြေမှတစ်ဆင့် ဖြန့်ဝေပေးပါတယ်။ မြေမှတစ်ဆင့် စပါး၊ ကောက်ပဲသီးနှံများ အာဟာရဓာတ်ရတဲ့အခါ အပင်ကြီးထွားမှု၊ အသီးနှင့်အစေ့ ကြီးထွားသဖြင့် စပါးအထွက်တိုးခြင်း စသည်တို့ကို အကျိုးခံစားရပါတယ်။ ဒီအခန်းမှာ Nitrogen fertilizer ဖြစ်တဲ့ Urea, Ammonium Sulphate, Ammonium nitrate ထုတ်ဖော်အသုံးပြုပုံများ၊ Phosphate fertilizer ဖြစ်တဲ့ Superphosphate , potassium fertilizer ဖြစ်တဲ့ potassium chloride, potassium sulphate ထုတ်ဖော်အသုံးပြုပုံများကို ရှင်းပြထားပါတယ်။

ဓာတုဗေဒသင်ရိုးသစ်မှာအခန်း(၁၅)ခန်းပါတာမို့ Section (A) နဲ့Section (B)မေးခွန်းပိုင်းမှာမျှမျှတတပါမှာဖြစ်တယ်။အခြေခံသဘောတရားကိုသာပိုင်ရင် မေးခွန်းတွေကိုရွေးချယ်ဖြေဆိုတဲ့နေရာမှာ မှန်မှန်ကန်ကန်ရွေးချယ်တတ်တာမို့ အမှတ်မြင့်မြင့်ရမှာ ဖြစ်တယ်။

ဒါ့အပြင် ဆောက်လုပ်ရေးတွင်အရေးကြီးတဲ့ဘိလပ်မြေ (cement) ထုတ်ဖော်နည်းနှင့် ဓာတုဗေဒအခြေခံသဘောတရားတွေကို လေ့လာရပါမယ်။ ပင်လယ်ရေမှအသုံးဝင်လှတဲ့ အိမ်သုံးဆား (sodium chloride) ထုတ်ဖော်နည်းများကိုလည်း စိတ်ဝင်စားဖွယ် လေ့လာရမှာ ဖြစ်တယ်။

ယခုနှစ် တက္ကသိုလ်ဝင်တန်း ဓာတုဗေဒဘာသာသင်ရိုးသစ်မေးခွန်းလွှာမှာ အမှတ် (၁၀၀)ဖိုးဖြစ်တယ်။ မေးခွန်းလွှာမှာ အပိုင်းနှစ်ပိုင်းပါတယ်။ Section (A) နှင့် Section (B) ဖြစ်တယ်။ Section (A) မေးခွန်းမှာ ဓမ္မဓိဋ္ဌာန်မေးခွန်းများ (objective type questions) များဖြစ်ပြီး (၃၆)မှတ်ဖိုးဖြစ်တယ်။ ဓမ္မဓိဋ္ဌာန်မေးခွန်း (၅)မျိုးကို မေးထားတယ်။ ယင်း(၅)မျိုးကတော့-

(၁) မှန်/မှား ရွေးချယ်မေးခွန်း။ (True or False question type) အတွက်အမှတ်(၇)မှတ်။
(၂) ကွက်လပ်ဖြည့်စွက်ခြင်း။ (Fill in the blank question type) အတွက်အမှတ်(၇)မှတ်။
(၃) အမှန်ဆုံးကိုရွေးချယ်ခြင်း။(Multiple choice question type) အတွက်အမှတ်(၇)မှတ်။
(၄) တူညီသော အကြောင်းအရာကို ပူးတွဲစီရီပေးခြင်း။ (Matching type question type) အတွက်အမှတ်(၇)မှတ်။
(၅) မေးခွန်းတိုမေးခြင်း။ (Short question type) အတွက်အမှတ်(၈)မှတ်။

စုစုပေါင်း (၃၆)မှတ်ဖြစ်တယ်။

Section (B) မေးခွန်းမှာ နံပါတ် (၆)၊ (၇)နှင့်(၈)ပါပြီး စုစုပေါင်း (၆၄)မှတ်ဖိုးဖြစ်တယ်။ အမှတ်ခွဲဝေပုံမှာ မေးခွန်းနံပါတ် (၆)အတွက် (၂)မှတ်တန် ၆-ပုဒ်ဖြေရပြီး (၁၂)မှတ်၊ မေးခွန်း နံပါတ်(၇)မှာ မေးခွန်း ၅-ပုဒ်ဖြေရပြီး (၄)မှတ်တန်မေးခွန်းမို့ အမှတ်(၂၀)၊ မေးခွန်းနံပါတ် (၈)မှာ မေးခွန်း ၄-ပုဒ်ဖြေရပြီး၊ တစ်ပုဒ် (၈)မှတ်တန်မေးခွန်းဖြစ်သဖြင့် (၃၂)မှတ်ဖြစ်တယ်။

မေးခွန်းနံပါတ်(၆)တွင် ရွေးချယ်စရာမပေးပဲ ပုဒ်ရေ (၆)ပုဒ်ဖြစ်၍ (၁၂)မှတ်၊ မေးခွန်းနံပါတ် (၇)တွင် ပုဒ်ရေ ၈-ပုဒ်မှ ၅-ပုဒ်ရွေးချယ်ဖြေဆိုရ၍ အမှတ်(၂၀)၊ မေးခွန်း(၈)တွင် ၈-ပုဒ်မှ ၄-ပုဒ်ရွေးချယ်ဖြေဆိုရ၍ (၃၂)မှတ်၊ ထို့ကြောင့် မေးခွန်း(၆)တွင် (၁၂)မှတ်၊ မေးခွန်း(၇)တွင် အမှတ်(၂၀)နှင့် မေးခွန်း (၈)တွင် (၃၂)မှတ်ပေးတာမို့ Section (B) အတွက်စုစုပေါင်း (၆၄)မှတ် ဖြစ်တယ်။

သို့ဖြစ်သောကြောင့် **ဓာတုဗေဒသင်ရိုးသစ်မှာ အခန်း(၁၅)ခန်းပါတာမို့ Section (A) နဲ့ Section (B) မေးခွန်းပိုင်းမှာ မျှမျှတတပါမှာဖြစ်တယ်။ အခြေခံသဘောတရားကိုသာပိုင်ရင် မေးခွန်းတွေကို ရွေးချယ်ဖြေဆိုတဲ့နေရာမှာ မှန်မှန်ကန်ကန်ရွေးချယ်တတ်တာမို့ အမှတ်မြင့်မြင့်ရမှာ ဖြစ်တယ်။**

အထူးသဖြင့် Section (A) ဟာ ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်တာမို့ အမှတ်ပြည့်နီးပါးရနိုင်အောင် ဓာတုဗေဒသင်ရိုးမှာ လေ့ကျင့်ခန်းပါ ဓမ္မဓိဋ္ဌာန်မေးခွန်းတွေကို လေ့ကျင့်ထားဖို့လိုပါတယ်။ ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဌာနကထုတ်ဝေတဲ့ ဓာတုဗေဒဂျာနယ်ကို ဖတ်ရှုလေ့လာရင် Section(A) နဲ့ Section (B) မှာမေးထားတဲ့ မေးခွန်းပုံစံကိုဖြေနည်းသိရှိမှာဖြစ်တယ်။ ပွဲမဝင်ခင်အပြင်ကကျင်းပဆိုတဲ့ စကားလုံးများအတိုင်း စနစ်တကျလေ့လာ လေ့ကျင့်ထားရင် စာမေးပွဲကြီးမှာ ကောင်းမွန်စွာ ဖြေဆိုနိုင်မှာဖြစ်တယ်။ အမှတ်များများလည်းရမှာ ဖြစ်တယ်။

မောင်မယ်တို့အားလုံး ယခုနှစ်မှာ ဖြေဆိုရမယ့် ဓာတုဗေဒသင်ရိုးသစ် မေးခွန်းလွှာကို အောင်မြင်စွာ ဖြေဆိုနိုင်ကြပါစေလို့ ဆန္ဒပြုအပ်ပါတယ်။ ။

စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးလုပ်ငန်းများ စစ်ဆေး

ကျိုက်လတ် ဖေဖော်ဝါရီ ၁၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်သည် ဖေဖော်ဝါရီ ၉ရက် နံနက် ၉နာရီခွဲက ဧရာဝတီတိုင်း ကျိုက်လတ်မြို့သို့ရောက်ရှိပြီး ကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော စည်ပင်သာယာရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

စနစ်တကျပြုစုပျိုးထောင်

ရေးဦးစွာ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးတင့်တို့ ကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်သို့ သွားရောက်စစ်ဆေးကြပြီး မြို့သာယာ လှပရေးအတွက် ပျိုးဥယျာဉ်အတွင်း အရိပ်ရပင်နှင့် ပန်းအလှပင်များ စနစ်တကျ ပြုစုပျိုးထောင် စိုက်ပျိုးရန်မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော အရှည်ပေ ၁၈၀၀၊ အကျယ် ၁၂ပေရှိ ဦးစန္ဒာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးရာ **(အောက်ပုံ)** မြို့နယ်အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းပြသပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က လုပ်ငန်း လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသော အရှည် ၁၁၇၅ပေ၊ အကျယ် ၁၈ပေရှိ မြို့အဝင် လမ်းမတော်လမ်း ကတ္တရာ ထပ်ပိုးလွှာခင်းရန်အတွက် ကျောက်စီခြင်းလုပ်ငန်း ဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အချိန်မီပြီးစီးရေး၊ အရည်အသွေး ပြည့်မီအောင်ဆောင်ရွက်ရေး မှာကြားကြောင်း သိရသည်။**(နယ်စပ်/စည်ပင်)**

ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များသို့ စာအုပ်များပေးအပ်လှူဒါန်းပွဲ ဆိပ်ဖြူမြို့၌ ကျင်းပ

ဆိပ်ဖြူ ဖေဖော်ဝါရီ ၂၀

ဆိပ်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့် တိုက်များသို့ စာအုပ်များပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၁၀နာရီက ဆိပ်ဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ငွေသဲဖြူခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးရဲလှနှင့်မြို့နယ်ဦးစီးမှူးဦးမြင့်စိုးတို့က အမှာစကား ပြောကြားကြပြီး မြို့နယ်ဥက္ကဋ္ဌက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ၂၁ တိုက်သို့ စာအုပ်များ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ကိုယ့်အားကိုယ်ကိုး ကျေးလက် စာကြည့်တိုက်များအတွက် ဌာနဆိုင်ရာ အသီးသီးက စာအုပ်များပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်တာဝန်ခံများက လက်ခံရယူကြသည်။

ထို့နောက် စာကြည့်တိုက်များ ကိုယ်စား ထန်းပင်ချောင်းစံပြကျေးရွာ လူငယ့်အားမာန် စာကြည့်တိုက် တာဝန်ခံ ဦးမြသောင်းက စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းများရှင်းလင်း ပြောကြားသည်။

ဆိပ်ဖြူမြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ၅၄ တိုက် ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မာန်အောင်မြို့နယ် ရဲကျွန်းကျေးရွာအုပ်စု ရဲကျွန်းမြောက်ရွာ ကိုယ့်အားကိုယ်ကိုး မြတ်ဆုမွန်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၂ရက်က ကျေးရွာအမကကျောင်းတွင် ကျင်းပရာ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမောင်မောင်မြင့်၊ ကျေးရွာဥက္ကဋ္ဌ ဦးမောင်တင်ဖြူနှင့် စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးစိန်အေးဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

စုပေါင်းတူးဖော်

မြစ်ကြီးနား ဖေဖော်ဝါရီ ၁၂

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဒုတိယဦးစီးမှူး(ဈေး) ဦးအောင် ကျော်မင်းနှင့် ဝန်ထမ်းများ၊ ဈေးအရန် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးမိ ဈေးဖများသည် ဇန်နဝါရီ ၂၉ရက်က မြစ်ကြီးနားမြို့ ခေတ်မီနှစ်ထပ်ဈေးအမှတ်(၂) ဈေးအတွင်းရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် စုပေါင်းတူးဖော် ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးအေးဆွေက ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ပဲခူးတိုင်း စည်ပင်သာယာ ညွှန်မှူး ကျေးလက်အိမ်ရာစီမံကိန်း စစ်ဆေး

ပဲခူး ဖေဖော်ဝါရီ ၁၀

ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ၄ ရက်နံနက်က ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးလက်အိမ်ရာ စီမံကိန်းသို့ ရောက်ရှိစစ်ဆေးကြရာ အမှုဆောင်အရာရှိ ဦးထွန်းမြိုင်နှင့် တာဝန်ခံအင်ဂျင်နီယာမှူး ဦးအောင်ထွန်းတို့က လိုအပ်သည်များ ရှင်းလင်းတင်ပြကြသည်။ ပဲခူးမြို့နယ်မှ ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေး နှစ်အတွင်း ကျေးလက်အိမ်ရာ၃၅လုံး လျာထားရာ ၁၅လုံး ဆောက်လုပ်ပြီးစီးပြီ ဖြစ်သည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် အဖွဲ့သည် ပဲခူးမြို့ သမိန်ဗရမ်းလမ်း ကတ္တရာခင်းမှုကို စစ်ဆေးရာ လမ်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က လမ်းအခြေအနေများ ရှင်းလင်းတင်ပြကြကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

ရေဦးမြို့နယ်တွင် အလှူရှင်စက်ရေတွင်းဖွင့်ပွဲကျင်းပ

ရေဦး ဖေဖော်ဝါရီ ၁၅

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရေဦးမြို့နယ် မြို့ကြီးကျေးရွာအုပ်စု တောင်တော ကျေးရွာတွင် အလှူရှင်စက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက်က အဆိုပါ စက်ရေတွင်းမုခ်ဦးရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထင်ကျော်အေးနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးကိုတို့က စက်ရေတွင်း ဖြစ်ပေါ်လာပုံနှင့် စက်ရေတွင်းနှင့် ပတ်သက်သော အချက်အလက်များအား ရှင်းလင်းပြောကြားပြီး စက်ရေတွင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အောက်ဝဲပုံ)**

အဆိုပါ စက်ရေတွင်းမှာ နှစ်လက်မ စက်ရေတွင်းဖြစ်ပြီး အနက် ၃၈၅ ပေရှိကာ ရေထွက်နှုန်း တစ်နာရီ ရေဂါလန် ၁၁၀၀ ထွက်ရှိသည်။

ဆောင်ရွက်ခဲ့

ထို့နောက် စက်ရေတွင်းကို ရန်ကုန်မြို့နေ ဗိုလ်မှူးကြီးတင်ညွှန့်(ငြိမ်း)၊ ဒေါ်အမာညွှန့်မိသားစုက အလှူငွေကျပ်ငါးသိန်း၊ နိုင်ငံတော်က ထောက်ပံ့ငွေကျပ်ခြောက်သိန်း စုစုပေါင်းကျပ် တစ်ဆယ့်တစ်သိန်း အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကျေးလက် တစ်ခွင် ဖွံ့ဖြိုး စည်ပင်

ရွှေနတ်တောင်-ကျီးသဲ ကျေးလက်ကတ္တရာလမ်းခင်း

ရွှေတောင် ဖေဖော်ဝါရီ ၁၂

ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးတင်ဦးနှင့်အဖွဲ့သည် ဇန်နဝါရီ ၂၇ ရက်က ရွှေတောင်မြို့နယ်သို့ ရောက်ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် ရွှေနတ်တောင်-ကျီးသဲ ကျေးလက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှု ဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်ဝင်းတို့က လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ဆောင်ရွက်

အဆိုပါလမ်းမှာ အရှည်ခြောက်မိုင်၊ အကျယ်၁၂ပေရှိပြီး နိုင်ငံတော်ထောက်ပံ့ငွေဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်နေသော လမ်းဖြစ်ကြောင်း သိရသည်။

(၁၁၆)

မြို့သာယာလှပရေး စုပေါင်းဆောင်ရွက်

ပန်ဆောင် ဖေဖော်ဝါရီ ၈

ပန်ဆောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေးအထောက်အကူပြုရန်အတွက် ဇန်နဝါရီ ၁၉ ရက်က စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်ဒေသခံ ပြည်သူများ စုပေါင်း၍ အမှိုက်များ ရှင်းလင်းခြင်းနှင့် ချုံနွယ်များရှင်းလင်းခြင်းနှင့် ရေဆိုးရေမြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ဆောင် ရွက်ကြရာ တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းထွန်းဦးက ကြီးကြပ်ဆောင် ရွက်ပေးကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း မဟာရွှေစည်းကြီးစေတီ ဗုဒ္ဓပူဇနီယပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ တက်ရောက်ကြည်ညို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း မဟာသုခသီတလ စေတီတော်အထွတ်တွင် တင်လှူရန် ရွှေထီးတော်ဘုံ အဆင့်ဆင့်၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို အမွှေးနံ့သာရည်များ ပက်ဖျန်းစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၂၅

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့ မဟာရွှေစည်းကြီးစေတီတော် ပဋ္ဌမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် မဟာရွှေစည်းကြီးစေတီတော်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညိုကြပြီး ဆရာတော် သံဃာတော်အရှင်သူမြတ်များအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ ကန့်ဘလူမြို့နယ် တောင်ကျရပ်ရှိ အရှေ့ကျောင်း ဆရာတော် ဘဒ္ဒန္တ ဇာဂရနှင့်

စာမျက်နှာ ၃ ကော်လံ ၁ ✡

မြန်မာ့အလင်း ခေါင်းကြီး၊ ဆောင်းပါးအညွှန်း

- ❒ ရေရှားပါးသော မြန်မာနိုင်ငံအလယ်ပိုင်း စစ်ကိုင်းတိုင်း ကျွန်းလှမြို့နယ်တွင် နိုင်ငံတော်က သဖန်းဆိပ်ရေလှောင်တမံကြီးကို တည်ဆောက်ပေးထားရာ မိုးစပါး၊ နွေစပါးနှင့် အခြား သီးနှံများအတွက်ပါ စိုက်ပျိုးရေပေးဝေလျက်ရှိသည်။

ခေါင်းကြီး (စာ-၂)

- ❒ မြန်မာပြည်သူတစ်ရပ်လုံးက အဖျက်သမားမုန်သမျှကို ဆက်လက် တိုက်ဖျက်ချေမှုန်းသွားရန် ကြေညာပြဋ္ဌာန်း သန္နိဋ္ဌာန်ချထားပြီးဖြစ်။

တက္ကသိုလ်မြတ်သူ၏ ဆောင်းပါး (စာ-၁၀)

နိုင်ငံတော်နှင့်နိုင်ငံသားများ အကျိုးဖြစ်ထွန်းစေမည့်အကြံပြုချက်များ ပြန်လည်တင်ပြနိုင်ရန် အစုအဖွဲ့များ၏ သဘောထားတင်ပြချက်စာတမ်းများ ဖတ်ကြားဆွေးနွေးအတည်ပြု

ရန်ကုန် ဖေဖော်ဝါရီ ၂၅

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်က ရှင်းလင်းပြောကြားချက်အပေါ် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့တို့က အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီသို့ ပြန်လည်ဆွေးနွေးတင်ပြနိုင်ရန် မိမိတို့၏ သဘောထားတင်ပြချက်စာတမ်းများနှင့် စပ်လျဉ်း၍ အတည်ပြုဆွေးနွေးပွဲများကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အစုအဖွဲ့များအတွက် သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ ဆက်လက်ကျင်းပသည်။

စာမျက်နှာ ၆ ကော်လံ ၁ ●

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီသို့ ပြန်လည်ဆွေးနွေးတင်ပြနိုင်ရန် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့ဆွေးနွေးပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

26-2 (20).p65 1 3/27/05, 1:04 PM